# သခင့်စကား

**The LORD's Word**

ဝိညာဉ်ရေး ရာ စာစောင်

ယုံကြည်ခြင်း သည်ကြား နာခြင်း အား ဖြင့် ဖြစ်၏။ ကြား နာခြင်း သည်လည်း ဘုရား သခင်၏ စကား တော် အား ဖြင့်ဖြစ်၏။ ရော ၁၀း ၁၇

အမှတ်စဉ် (၉၆) ဩဂုတ်လ ၂၀၀၉ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)


## အရေးကြီးမှ ဆက်သွယ်မိ *(မင်းထွန်းသက်လွင်)*



အရေးကြီးမှ ဆက်သွယ်မိ၊ ဖုန်းလိုင်းက မမိ၊ မထိတထိနဲ့
ငါ့အသံ ငါ့မယား မမှတ်မိ ၊ ငါ့သီချင်းသံ ငါ့သား မသိ။
ခြော် .... အရေးကြီးမှ ဆက်သွယ်မိ
ဘယ်သူမှ အပြစ်မရှိ ၊ ငါ့ကိုယ် ငါသာသိ။
အရေးကြီးမှ ဆက်သွယ်မိ၊ ဖုန်းလိုင်းက မမိ၊ မထိတထိနဲ့
ငါ့အသံ ငါ့သခင် မမှတ်မိ ၊ ငါ့အော်ဟစ်သံ ဘယ်သူမှ မသိ
ခြော် .... အရေးကြီးမှ ဆက်သွယ်မိ
ဘယ်သူမှ အပြစ် မရှိ ၊ ငါ့ကိုယ် ငါသာ သိ။ (အရေးကြီးမှ မဆက်သွယ်မိစေနှင့်)

---

## ကရာနီထက်က ချစ်သူသခင် Marie Saw Say (Hmawbi)



မငိုပါဘူး ချစ်သူရယ် . . . .
အမိဝမ်းက အထွက် ၊ လောက လမ်းပေါ်ကို အတက်မှာ
ကိုယ်တော် ဦးစွာ ငိုကြွေးခဲ့တယ် ၊ ဝေးဝေး မသွားပါနဲ့။
"ကို့" ကို စွန့်မယ်ဆို အယူခံ ဝင်ပါရစေ . . .။
ခြေတော်ရင်းမှာ ခစားနေသော လူမျိုးတော်တွေကြောင့်
"ကို့" စကား အကျိုး မဝင်တော့လေသလား . . .။
ဘိုးဘွားစဉ်ဆက် တော်ဝင်နန်း စံမြန်းလို့
လူအများ ကိုးစားရာ၊ ခိုလှုံရာ ကပ်ကမ္ဘာကို
စိုးစံပိုင်သူ ချစ်သူရယ်
"ကို့" မှာတော့ဖြင့် အညတရ ပိုးကောင်မျှသာ
တောနဲ့တောင်စွယ်၊ ကန္တာရ မြေလည်း "ကို"မွေ့လျော်တယ်
လှိုင်းလေထဲလည်း "ကို" ရှင်သန်ခဲ့
ပြက်ယယ်ပြု ခြင်း၊ နှုတ်ခမ်းဖြဲခြင်း၊ ခေါင်းညိတ်ခြင်းနဲ့
အလိုတော်ရှိလျှင် ရွေးနှုတ်တော် မူပါလေစေတဲ့ . . .
ထားခဲ့ မရက်ပါနဲ့ ချစ်သူ ၊ လှုံခြုံသော အရိပ် ကိုးစားရာ ရင်ခွင်ထံ
ချစ်သူ ရှေ့မှောက် ခဝါချသော "ကို့"နှလုံးသားကို
မျက်နှာလွှဲတော် မမူပါနဲ့ ၊ မြောက်များဝန်တို့
အမုန်း မာန်ပြည့် မျက်ဝန်းစုံကြားမှ



ခါးသီးလှသော "ဤခွက်" အလိုတော်ရှိလျှင် "ကိုယ်"မှ ဝေးပါစေ
ချိနဲ့သော ရိုးဆစ်၊ ကြွေလုသော ခန္ဓာ၊ ခမ်းခြောက်သော အားအင်
ခံနိုင်စွမ်းမဲ့သော အသက်ဝိဉာဉ်အတွက်
"ကိုယ်" လည်းလေ လူသားထဲက၊
ဘိသိက်ခံသူ ဆိုတာ သတိရပေးပါ
သစ္စာဂတိထားသည် အတိုင်း သစ္စာဝတ်ကို ဖြေပဲ့မယ်
သို့သော်လည်းပဲ ချစ်သူရယ်၊ အတိတ်ပုံရိပ် ပြန်ပြေးတွေးရင်း
စိုးရိမ်ခြင်းကင်း ထွေးပွေ့ခြင်းနဲ့
ကြင်နာမှုပြည့် ပို့ဆောင်နေမြဲ "လက်တော်"ကိုတော့ မမေ့လျော့ပါ
ချစ်သူကြောင့်သာ "ကို့"အသက်တာ ပြည့်စုံတယ်
ချစ်သူကြောင့်သာ "ကို" ကျေနပ်တယ် . . . မငိုတော့ဘူး . . .။

---

## အပြစ်အကျွက် ဝန်ခံခြင်း ဧင်မာ



မာနထောင်လွှား ၊ အပြစ်သားမို့
ရံဖန်ရံခါ ၊ လမ်းမှားသို့ လိုက်တတ်ပါ၏။
ဘဝင်ရူးရူး ၊ စိတ်ရိုင်းရိုင်းကြောင့်
မိစ္ဆာစိတ်စွဲ မချုပ်တည်းဘဲ ၊ လုပ်မိလုပ်ရာ လုပ်နေပါ၏။
သံသရာခရီး ဆက်နေဆဲမို့ ၊ မှားပြီးရင်းမှား ထပ်ခါမှားလို့
ကိုယ့်ကိုကိုယ်တော့ အသိသား။ ကျွန်ုပ်၏အပြစ်များ
ခြေဖျားမှ ဆံဖျားထိ ကြီးမား။ ဆာလံ ၃၉-၁-၁၃၊

## ခေါင်းလောင်းသံ

❖အမေ"မနက်တိုင်း အစောကြီး ခေါင်းလောင်းသံကြားတယ် ဘာလုပ်တာလဲ ဟင်"
(အာရုံဦး ဝတ်ပြုဆုတောင်း ဟဲ့) မေမေ မသွားဘူးလားဟင်
(မရှည်နဲ့ ငါမနက် ၅ နာရီ အိပ်ယာ မထနိုင်ဘူး)
❖ အဖေ"ဗုဒ္ဓဟူးနေ့ ညတိုင်း ခေါင်းလောင်းသံကြားတယ်ဘာလုပ်တာလဲ"(ည ဆုတောင်းစည်းဝေးလေ) အဖေမသွားဘူးလား အလုပ်ကပင်ပန်းလို့မသွား နိုင်ဘူး)
❖အစ်ကို "စနေနေ့ ညတိုင်း ခေါင်းလောင်းသံကြားတယ်၊ ဘာလုပ်တာလဲဟင်"
(လူငယ်တွေ သီချင်းကျင့်တာပါ) အစ်ကို မသွားဘူးလားဟင်
(မင်း တော်တော် လျှာ ရှည်တာပဲ ကိုးရီးယား ကား ကောင်းနေရတဲ့ အထဲမှာ)
❖အမေ၊ အဖေ၊ အစ်ကို တို့ရေ ဒီနေ့ ခေါင်းလောင်းသံ ကြားတော့ **Sunday**
ရောက်ပြီလေ၊ ဘုရားကျောင်း သွားရအောင်နော်။
(ငါတို့မှာ တစ်ရက်တစ်လေ နားရတာ ကွာ)
❖ခြော် ငါ့ဘဝ ခရစ်ယာန်သာ ဟန်လုပ်ပြီးနေရတာ ဘုရားကျောင်း
ခေါင်းလောင်း သံနဲ့ ငါ့ မိသားစုက အဝေးကြီးပါလား။

---

## တည်ခဲ့သက်သေအများသိစေ SAMUEL SOE LWIN

တစ်ကိုးခွန်ရှစ်၊ခရစ်နှစ်တွင်၊မိမြတ်မြင့်ရီ ချစ်ဂုဏ်အင်ဖြင့်၊ အကျွန် မနုသ နိဒါန်းအစ။ လောကခံ ရှစ်ပါး ရန်ငါးကြားမှာ မျက်စိယောင်လည် နားသူငယ်နှင့် ဘဝကိုစက်ဆုပ် ကြမ္မာယုတ်မှ လွတ်မြောက်ဘို့သာ စိတ်ရည်သန်။ အရိပ်ရာ ချွေးသိပ်ပါလည်း ရင်ဝယ်မအေး ဘဝဘေးက နေ့ညမကွာ ခြောက်လှန့်ပါ၍ ဘဝယောင်ခြောက် အနှစ်ပျောက်။ လက်လှမ်းမှီရာ နည်းယူနာလည်း အကာ သာရှိ မရှိ အဆန်။ လမ်းကုန်ပြန်တော့ စိတ်နောင်ဗျာပွေ "အရာရာဝယ် ကြုံရာကြုံစေတော့" အပူလုံးထ ယူကြုံးမရဖြင့် အဆုံးမှတ်၍ခဝါချ။ တစ်ကိုးကိုးရှစ် အဆုံးဖက်တော့ မှတ်မထင် မြင်ကြား ယေရှုဘုရားနဲ့ သူ့တရားက နှစ်ရအပြစ် အဖြစ်စနစ်နဲ့။ ယေရှုဘုရား အပြစ်သားတွက် ကိုယ်စားခံရှာ သင်္ဂြိုလ်ရာမှ ထမြောက်အောင်မြင် သေခြင်းမှအစဉ် ယုံသူအမှန်လွတ်ငြိမ်းရန်တည်း၊ အဆုံးကြားနာလမ်း နှစ်မှာက၊ အသက်မြတ်လမ်း လက်တကမ်းနှင့် ကြုံရန်ဘေးလည်း ယှဉ်ပြပေးရဲ့ သက်မြတ်တော်ရှင် ဘုန်းမြတ်သခင်ကြောင့် အသက်မြတ်ကိုယူ ကြုံလာ ဘေးလည်း ငါမမှု။ အသက်တာမှာ ဘုရားပါတော့ "သွားလမ်းလည်း သာ၊ လာလမ်းလည်း ဖြောင့်" "ခလုတ်မထိ ဆူးမငြိဖြင့်" ရွှင်ပျော်လျှောက်လှမ်း ဘဝလမ်းမှာ ဆက်လှမ်း။ ငါ့ခြေသိနှင့် နေရဲ့ မြတ်ဘုရား ရှိရာ ဘုံနန်းမဟာ။ ။ (အခြေပြု။ ယော ၃း၁၆, ၁၆း၃၃, ၁၇း၁၄-၁၅, မ ၅း၁၁)

---

## ကောင်းမြတ်သော ဘုရား လီယ (မိုးကုတ်)

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ရှေးဦးစွာ ချီးမွမ်းပါတယ်။ ယခုလို သက်သေခံ ခွင့် ပြင်ဆင်ပေးသော ဘုရားသခင်၏ နာမတော် ကမ္ဘာ အဆက်ဆက် ဘုန်းကြီးပါစေ။ ကျေးဇူးတော်ကြောင့် စင်္ကာပူနိုင်ငံကို ရောက်ရှိခဲ့ပြီး ကောင်းမွန်စွာ အလုပ်လုပ်ခွင့် ရသည်သာမက ရောက်ရှိလာသော နေ့မှစပြီး ယနေ့ထိ ကျန်းမာစွာ ပို့ဆောင်ပေးခဲ့သော ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို အနည်းငယ် သက်သေခံချင် ပါတယ်။ ကျွန်မ (၂၂.၂.၀၉)မှာ မြန်မာပြည်က အိမ်ကို ဖုန်းဆက်တယ်၊ ဖုန်းဆက် လိုက်တော့ စာနဲ့ ကလေး ဓါတ်ပုံ ပို့လိုက်တာ တစ်ပတ်ကျော်ပြီနော်တဲ့၊ ကျွန်မ စာနှင့် ဓါတ်ပုံကို မျှော်လင့်ခဲ့တယ်၊ ဒါပေမဲ့ စာက နှစ်ပတ်၊ သုံးပတ်ကျော် သွားလည်း ရောက် မလာပါဘူး။ ဘုရားကို ဆုတောင်းတယ်၊ ဒီစာ ကျွန်မလက်ထဲ ရောက်အောင် ပို့ဆောင် ပေးပါ။ စာ ရောက်သောနေ့၌ ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းကို သက်သေ ခံပါ့မယ်လို့ ဂတိ ပေးလိုက်ပါတယ်။ (သုတ္တံ ၃း၅) ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ကိုးစားဖို့ သွန်သင်ထားပါတယ်။ သူ့ကို အကြွင်းမဲ့ ကိုးစား တတ်အောင် ကျွန်မကို လမ်းပြ ပေးပါတယ်။ ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းကို သက်သေ ခံဖို့ အလိုတော်ရှိရင် ဒီစာ ဘယ်မှာပဲရှိရှိ၊ ကျွန်မ လက်ထဲ ရောက်အောင်



သခင့်စကား ဝိညာဉ်ရေး ရာစာစောင် အမှတ်စဉ် ၉၆၊ ဩဂုတ်လ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ဖြန့်ချိရန် **ကန့်သတ်** ထုတ်ဝေသည်။

ပို့ပေးပါ။ ဘုရား မတတ်နိုင်သော အရာ မရှိပါလို့ ဆုတောင်းပြီး ကျေးဇူးတော် ချီးမွမ်းခဲ့ပါတယ်။ ဘုရားကို အပ်နှံ လိုက်တဲ့ စာဟာ မမျှော်လင့်ထားတဲ့ (၂၃.၃.၀၉) မှာ ကျွန်မ လက်ထဲမှာ ရောက်ရှိခဲ့ပါတယ်။ ကောင်းမြတ်တဲ့ ဘုရားသခင်ရဲ့ အကြောင်းကို ကျေးဇူးတော်ချီးမွမ်းရင်း မျက်ရည်ကျခဲ့မိပါတယ်။ ကျွန်မရဲ့ သက်သေခံခြင်းဟာ ဤမျှ လောက်ပါပဲ။ အားလုံးကိုဘုရားသခင် ကောင်းကြီးပေးပါစေ။

---



## "ကွက်လပ်တစ်ခုဖြည့်လိုက် မွန်"

"မွန်" က မယုံကြည်သူ။ "မွန်" ရဲ့ လိုအပ်ချက်တစ်ခုဟာ ဝိညာဉ်အလင်း။ "မွန်"ရဲ့စိတ်ထား တွေက"အေး"အပေါ် မဆိုးဘူး။ တခြားသူတွေ အပေါ်မှာရော ရိုးသားသလား"မွန်"။ မြန်မာစကား ကောင်းကောင်း နားမလည်တဲ့ "မွန်"ရယ်။ "မွန်" ရဲ့ နှလုံးသား တွေက အချစ် တစ်ခုကို ရှာဖွေနိုင်ခဲ့တယ်။ လောကရဲ့ အချစ်ဆိုတာ အချိန်မရွေး ပျောက်ကွယ်နိုင်တယ် "မွန်"။ "မွန်""အေး" ကို ချစ်တယ်။ သစ္စာရှိတဲ့ ယောကျ်ားဆိုတာ "အေး" ယုံပါတယ်။ ဒါကြောင့်လည်း ယုံကြည်ချက်တွေက အများတွေ မဖြစ်စေချင်ဘူး။ သမ္မာကျမ်းလေးတွေကို ဝေငှပေးတာ ဘယ်တော့မှ ရဘူးနော်။ လူသားဖြစ်တဲ့ "မွန်" နဲ့ "အေး"တို့ရဲ့အချစ်က ဖန်ဆင်းရှင်ရှိလို့သာလျှင် "မွန်" "အေး" ကို ချစ်တက်တာပါ။ ဒီကျမ်းစာလေး မှတ်ထားနော်။ "ယခုတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း ဤသုံးပါး တည်လျှက်ရှိ၏။ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း။" ၁ကော ၁၃း၁၃။ "မွန်" ရဲ့လိုအပ်ချက်က ဝိညာဉ်အလင်း။ "အေး" ပေးနိုင်တဲ့ မေတ္တာတွေထက် ခရစ်တော်ရဲ့ မေတ္တာတရားတွေကို ရယူနိုင်တဲ့ "မွန်" ဖြစ်ခဲ့ရင် "မွန်" ရဲ့ဝိညာဉ် "မွန်" ရရှိတဲ့ ခရစ်တော်ရဲ့ ချစ်ခြင်းမေတ္တာဟာ ထာဝရ "မွန်" ကို မခွဲတော့ဘူး။ ဘယ်တော့မှ မပျက်စီးတော့ဘူး။ ကောင်းကင်ဘုံနန်းထက်မှာ တို့နှစ်ယောက်လည်း ခရစ်တော်နှင့် အတူရှိပြီး ငရဲကို ငုံ့ကြည့်စရာ မလိုတော့ဘူး"မွန်"။ "မွန်" ဖုန်းဆက်တဲ့ခါ "အေး" ဖုန်း မကိုင်နိုင်တာ အလုပ်များလို့၊ ဖုန်းပိတ်တဲ့အခါစိတ်ကောက်တတ်တဲ့ "မွန်"ရယ်။ "အေး" သူငယ်ချင်းတွေနဲ့ ဖုန်းပြောတဲ့အခါ မေးခွန်းတွေ မေးတတ်တဲ့ "မွန်"ရယ်။ ဒီကျမ်းပိုဒ်လေးကိုလည်း သတိထား ဖတ်ပါနော်။ "သို့ဖြစ်၍၊ အို ဘုရားသခင်၏လူ၊ သင်သည် ထိုအပြစ်များကို ကြဉ် ရှောင်လော့။ ဖြောင့်မတ်စွာ ကျင့်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ နူးညံ့ သိမ်မွေ့ခြင်းတို့ကို မှီအောင်လိုက်လော့။ ၁တိ ၆း၁၁။

"မွန်" လိုအပ်တာ "အေး" ရဲ့ ချစ်ခြင်း မေတ္တာတွေထက်၊ သခင်ယေရှုမေတ္တာကို "မွန်" သိဖို့ပိုပြီး လိုအပ်နေတယ် "မွန်"။ ကွက်လပ် ကလေး ဖြည့်လိုက်ပါနော် "မွန်"။ ဘုရားကျောင်း တက်တဲ့အခါ "အေး" ရဲ့ ဘေးနားမှာ တည်တည် ငြိမ်ငြိမ်လေးထိုင်ပြီး ဆရာတော်ကြီးရဲ့ ဝိညာဉ်တရား ကျမ်းစကားတွေကို နားထောင် တတ်တဲ့ "မွန်" ကို "အေး" ဆုံးဖြတ်ပေးနေတယ်။ "မွန်"လိုအပ်တာ ဒီကျမ်းပိုဒ် "သင်တို့ အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏သား ဖြစ်ကြ၏။ ခရစ်တော်၌ ဗတ္တိဇံကို ခံသောသူ ရှိသမျှတို့သည် ခရစ်တော်ကို ယူတင် ဝတ်ဆောင်သူဖြစ်ကြ၏။" ဂလာ ၃း၂၆–၂၇။ ထာဝရ ကယ်တင်ခြင်း ရရှိဖို့ "မွန်" လိုအပ်နေတယ်။ "အေး" မျှော်လင့်ခြင်းထက် ကယ်တင်ရှင်ယေရှုက ရင်ထဲမှာ ပူလောင်ခြင်းတွေနဲ့ မျက်ရည်တွေနဲ့ "မွန်" ဘယ်တော့ သူ့ထံသို့ လာမလည်း ဆိုပြီး သူမျှော်နေတယ် "မွန်"။ "မွန်"အတွက် ရွှေလမ်း၊ ငွေလမ်း၊ ပန်းခင်းလမ်းတွေသူ ခင်းထားပေးတယ်။ ရွှေလမ်း၊ ငွေလမ်း၊ ပန်းခင်းလမ်း ပေါ် "မွန်" ရဲ့ ခြေထောက်တွေ ရှရှကလေး လျှောက်လှမ်းလိုက်ပါ "မွန်" ဆူးမထိ ခလုတ်မငြိ "မွန်" ရဲ့ ခြေထောက်တွေ သွေးခြေ မဥတော့ဘူး။ ဖိနပ်မပါ ဆူးလမ်းတွေနဲ့ နင်ရောက်သွားပြန်တော့လည်း ငရဲအိုင် "မွန်" ရဲ့ နှလုံးသား ထာဝရ သေခြင်းမရှိ၊ ပူပူလောင်လောင် ဝေဒနာနဲ့ "မွန်" ကို "အေး" မကြည့်နိုင်သလို "မွန်" ကို ဖန်ဆင်းထားတဲ့ ခရစ်တော်က မျက်ရည်ကျနင့်ပြီး "မွန်"...။ *(အား ချာ)*

---

## သက်သေခံချက် (84.A.QRd T.T)

ပထမဦးစွာ ဘုရားသခင်သည် အလွန် ကောင်းမြတ်တော်မူသည် ဟုဝန်ခံပါ၏။ ကျမက ယုံကြည်သူ အသိုင်းအဝိုင်းက မဟုတ်ပါဘူး။ ဒါပေမဲ့ ဘုရား သခင်ရဲ့ ဆု ကျေးဇူးများကို ပြည့်စုံစွာ ခံစားရပါတယ် ကျမက စကော်ပူကို ၃၁.၁.၀၈ မှစပြီး ရောက်ပါတယ်။ ကျမ ဒီသခင့်စကား စာစောင်ကနေပြီး တစ်ဆင့် သက်သေခံခွင့် ရလို့ ဘုရားရှင်ကို ကျေးဇူးတော် ချီးမွမ်းမိပါတယ်။ ကျမ ရောက်နေတဲ့ အိမ်က အိမ်ရှင် မိသားစုက ဘုရားကို အလွန်ချစ်သော မိသားစုတစ်စုပါ။ ကျမက မယုံကြည်သူပါ ဒီအိမ်မှာရှိနေတဲ့ မြန်မာ အစ်ကိုကြီး တစ်ယောက် လည်းရှိတယ်။ သူကလဲ ဘုရားကျောင်း တစ်ခုရဲ့ အမှုဆောင်ပေ့ါနော်။ သူက (၁၅.၁.၀၈) နေ့မှာ သူတို့ ဘုရားကျောင်း တစ်ခုရဲ့ လူငယ်လေးတွေ တစ်စုနဲ့ ပန်းခြံ တစ်ခြံမှာ မိတ်သဟာရ ဖွဲ့ခြင်း လုပ်တဲ့ ပွဲလေးတစ်ခုကို ကျမကို ခေါ်သွားတယ် ကျမလဲ ခရစ်ယာန် မဟုတ်တော့ စိတ်တော့ နဲနဲလေး အဆင်မပြေဘူး။ ညနေကျတော့ သူတို့ရဲ့ ဘုရားကျောင်းကို ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်ကို ကျမ အိမ်ရှင်မ လိုက်ပို့တယ်။ ကျမ တော်တော့ကို အနေခက်စွာနဲ့ နေခဲ့ရတယ်။ ဒီဘုရားကျောင်းမှာရှိတဲ့ မိသားစုများက ကျမကိုအပြုံးနဲ့ ကြိုကြတယ်။ ပထမတော့ ကျမ အံ့သြ နေမိတယ်။ စဉ်းစား မိတာပေ့ါ **Sunday** တိုင်းလို ဒီဘုရားကျောင်းကို အိမ်ရှင်မက ကားနဲ့ လိုက်ပို့ပေးတယ်။ ကျမ အရမ်း စိတ်တိုမိတယ်။ ဘာကြောင့် ငါ့ကို ဘုရားကျောင်း ပို့ရသလဲပေ့ါ။ ကျမတို့နဲ့ အတူနေတဲ့ အစ်ကိုကြီးက အမြဲ ဆုတောင်းပေးတယ်။ ထမင်း စားတိုင်း သူ့ရဲ့ ချစ်သူလေးကလဲ ကျမကိုအရမ်း **tak care** လုပ်ပေးတယ်။ သူတို့တွေကို ကြည့်ရင် အမြဲ ပြုံးပျော်နေတာပဲ မြင်နေရတယ်။ တစ်နေ့ မြန်မာပြည်မှာ "နာဂစ်" ဖြစ်တော့ ကျမ အစ်ကိုတွေနဲ့ ကျမ ဖုန်းပြောရင်း ငိုကြ တယ်။ မိသားစုတွေကို စိတ်ပူမိတာပေ့ါနော်။ ဒီအစ်ကိုကြီးကလည်း ဆုတောင်း မမေ့တယ် အိမ်နဲ့ ဆက်သွယ်လို့ ရအောင် ကျမကို အများကြီး အကူအညီ ပေးတယ်။ သူ့ရဲ့ ချစ်သူလေးက ဆိုရင် ကျမကို ကွန်ပြူတာ ရိုက်နည်းပါ သင်ပေးတယ်။ သူတို့ စုံတွဲလေးက တကယ်ကို ကျမရဲ့ အပေါ်မှာ ကောင်းကြပါတယ်။ ဒီအတွက်လည်း ဘုရားရှင်ကို ချီးမွမ်းမိတယ်။ ကျမ ဘုရားနဲ့ ပထမဆုံးအကြိမ် စကားပြော ဆုတောင်းတယ်။ ဘုရားရှင်ဟာ တကယ် သားသမီးတွေကို ကွယ်ကာ မစ စောင့်ရှောက်တယ်။ အသက်ရှင်တဲ့ ဘုရားမှန်ရင် ကျမ မိသားစုဆီက မင်္ဂလာစကားပဲ ကြားပါစေ။ အသက်ဘေးမှ လွတ်သော အသံပဲ ကြားရပါလို၏လို့ပဲ ဆုတောင်းတယ်။ တကယ်ပဲ အသက်ဘေးနဲ့ လွတ်သောအခွင့်ကို ကြားရတယ်။ ဒီအတွက်လဲ ဘုရားကို ချီးမွမ်းပါတယ်။ ကျမရဲ့ အိမ်ရှင်ကတော့ ဒီအကြောင်းနဲ့ပတ်သတ်ပြီး မေးဖော် မရခဲ့ဘူး။ ဘုရားကျောင်းတွေကို ပစ္စည်းတွေ၊ အလှူငွေတွေ လှူတာတွေ့ရတယ်။ ဒါပေမဲ့ ကျမ တကယ် စိတ်မကောင်းခဲ့ဘူး။ ကျမတို့ရဲ့ မိသားစုကို သတင်းမမေးလို့ ဝမ်းနည်းမိတာ တစ်ခြားဘာမှ မျှော်လင့် ချက် မထားခဲ့ဘူး။ အဲဒီ ညမှ ကျမ ဘုရားနဲ့ စကားတွေ တစ်ညလုံး ပြောခဲ့တယ်။ လူကို ပြောနေသလိုမျိုးပဲ။ ကျမ ဝမ်းနည်းခြင်းတွေနဲ့ ငိုပြီး ပြောခဲ့တယ်။ ကျမရဲ့ အိမ်ရှင်တွေ ဘာကြောင့် သတင်းတောင် မေးဖော် မရကြောင်း ပေ့ါ၊ ကူညီဖို့က ပိုဝေးပေ့ါနော်။ ဘုရားက တကယ် အံ့သြဖွယ်ပါပဲ။ ကျမ လုံးဝကို ထင်မထားတဲ့ အံ့သြမှုမျိုးကို ပေးခဲ့တယ်။ အဲဒီအချိန်မှ ကျမ ဘုရားရှင်ကို တကယ်ပဲ ကိုးစား မိလာတယ်။ တခြားသူက ကျမကို သတင်းမေးတယ်။ အံ့သြစရာ လက်ဆောင်တွေ ပေးတယ်။ ဘုရားရှင် နာမ ဘုန်းကြီးပါစေ၊ ဟာလေလုယာ လို့ ကျမ အော်မိ တယ်။ ကျမရဲ့ လိုအပ်ချက်တိုင်းကို ဖခင်ကို မုန့်ဖိုး တောင်းနေသလိုမျိုး တောင်းမိ တယ်။ ဘုရားက တကယ်ပဲ ကျမကို ပြည့်စုံအောင် ထားပေးတယ်။

ယခုဆိုရင် ကျမရဲ့ အသက်တာ မှာ စိုးရိမ်တာတို့ ဘာတို့ မဖြစ်တော့ဘူး။ ဘုရားက အရာခပ်သိမ်း ကျမကို လမ်းပြ ပေးတယ်။ ကျမကို ဒီဘုရားကျောင်းလာခွင့် ရအောင် ခေါ်ဆောင်လာတဲ့ အစ်ကိုကြီးနဲ့ ချစ်သူ ခုတော့ ဇနီးမောင်နှံ ဖြစ်နေပါပြီး ၁၅.၁၁.၀၈ နေ့က မင်္ဂလာဆောင်ကြပါတယ်။ သူတို့ကိုလည်း ဘုရားသခင် ဆက်လက် အသုံးပြု ကောင်းကြီး ပေးပါစေလို့လဲ ကျမ နေ့တိုင်း ဆုတောင်းပေးတယ်။ ကျမ ကျမ်းစာ လေ့လာခွင့် ရလို့လဲ ကျေးဇူးတော် ချီးမွမ်းပါတယ်။ ဒါပေမဲ့ ကျမရဲ့ အသိုင်း အဝိုင်းက ဘုရားကျောင်း သွားလို့ဆိုပြီး စိတ်ငြိုငြင်ကြသလို ကျမရဲ့ အမျိုးသားက လင်မယား ကွဲဖို့ အထိ ဖြစ်လာပါတယ်။ ကျမ ယောကျ်ားကို ကွဲပြီး ဘုရားကျောင်းပဲ သွားချင် တယ်။ ဒါကြောင့် ကျမ ကယ်တင်ခြင်းရဖို့ စာစောင် ဖတ်သူတိုင်း ဆုတောင်းပေးကြပါ ရန်၊ ဘုရားရှင်က အရမ်း ကောင်းမြတ်တယ်၊ အချိန် နာရီတိုင်း ကောင်းမြတ်တယ်။ ကျမတို့ အိမ်ဖော် လာလုပ်သူတိုင်းက အဆင်ပြေတာ ရှိသလို မပြေတာလဲရှိတယ်။ ကျမကတော့ ဘုရား ကျေးဇူးတော်ကြောင့် အေးချမ်း စွာနဲ့ အလုပ်လုပ်ခွင့် ရလို့ ကျေးဇူးတော် ချီးမွမ်းပါတယ်။ သခင့်စကား စာစောင်ကို ကျေးဇူး တင်စွာဖြင့် ...။ ။ **84.A.Q Rd T.T**

---

## မြတ်မိခင် *နန်း ရထိုက် (က.န.ခ)*



ပင်မြင့်ဝေယံများ ထက်ဆီမှ ဟောင်းရွက်ဝါတို့ တဖြုတ်ဖြုတ် ကြွေလွင့် နေကြသည်ကို ကျွန်မ လွမ်းမောဖွယ်ရာ မြင်နေရပါတယ်။ နေမင်း ၏ စူးရှရှ အလင်းရောင်ကြောင့်အရာရာ ပူလောင်လို့ နေပါ တယ်။ ဩော် အလွန် ပူပြင်းတဲ့ နေ ပါလား။ ဒါပေမယ့် နေမင်းရဲ့ အပူက ကျွန်မ ရင်ထဲက အပူမီးကို မမှီပါဘူး။ ကျွန်မ (၁၀)တန်း ရောက်တော့ သူနဲ့ စတွေ့တယ်။ ကြာတော့ ချစ်သူ ဘဝကို ရောက်သွားတယ်။ စာမေးပွဲ မဖြေခင်



*သခင့်စကား ဝိညာဉ်ရေး လစဉ်စာစောင် အမှတ်စဉ် ၉၆။ ဩဂုတ်လ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။*

သူနဲ့ကျွန်မ အချစ်နယ် ကျုံသွားတယ်။ နောက်ထပ် ကျွန်မနဲ့ ထပ်တွေ့ဖို့ သူတောင်းဆို လာတယ်။ ကျွန်မက သူ့ကို စာမေးပွဲနီးပြီး စာကြိုးစား ဖတ်ဖို့ အမျိုးမျိုး နှစ်သိမ့်ပြောခဲ့တယ်။ သူ့ဆန္ဒကို နောက်ထပ် ကျွန်မ မလိုက်လျော တဲ့အတွက် သူ့ခြေလှမ်းတွေ ပျက်လာတယ်။ တကယ်တော့ စာမေးပွဲ ဖြေပြီးရင် လူကြီးတွေကို ဖွင့်ပြောဖို့ပါ။ ဒီအချိန်မှာ အရေးကြီးဆုံးက စာမေးပွဲအတွက်လေ။ စာမေးပွဲ မဖြေခင်ကြားမှာ ကျွန်မ မူပျက်လာတယ်။ ရှင်းရှင်းပြောရရင် မမျှော်လင့်ဘဲ ကျွန်မမှာ ကိုယ်ဝန်ရှိသွားတယ်။ သူ့ကို ကျွန်မ ခေါ်ပြောတော့ မင်းကို ငါ မယူနိုင် ဘူးတဲ့။ ဘုရားရေ ကိုယ့်နား ကိုယ်တောင် မယုံရဲဘူး။ ကျွန်မ ဆက်မေးတယ်။ ဒီလို ဆိုရင် ဒီကလေးကို ဘယ်လို လုပ်မလဲပေ့ါ။ မင်း မွေးချင်ရင် မွေး၊ မမွေးချင်ဘူး ဆိုရင် သွား ဖျက်ချလိုက်။ အဲဒီအတွက် ငါ ပိုက်ဆံပေးမယ်တဲ့လေ။ ကျွန်မလေ အဲဒီအချိန်မှာ သူ့ကို အစိမ်းလိုက် ဝါးစား ပစ်ချင် လောက်အောင် ဒေါသ ထွက်မိတယ်။ ရှက်လည်း အရမ်း ရှက်တယ်။ မနက်ဖြန်လည်း မြို့သွားပြီး စာမေးပွဲဖြေရမယ်။ လူမဆန်တဲ့ စိတ်နဲ့ နှမချင်း မစာနာဘဲ သူပြောတတ်တယ်။ ကျွန်မ တစ်ညလုံး အိပ်လို့ကို မပျော်ဘူး။ ဒီကလေးကို ဖျက်ချ ရမလား။ မွေးရမလား။ စဉ်းစားရ ခက် နေတယ်။ တစ်ကယ်လို့များ ဒီကလေးကို မွေးခဲ့ရင် လင်ကောင် မပေါ်ဘဲ မွေးရမှာ၊ ပတ်ဝန်းကျင်ရဲ့ တံတွေး ခွက်ထဲမှာ ပက်လက်မျော နေရမှာ၊ ဘုရားသခင်ဆီ ဒူးထောက်ပြီး ကျွန်မ ဆုတောင်းမိတယ်။ ဒီလိုမျိုး သင်ခန်းစာကို ဒေါ်လာငွေ သန်းချီပြီးပေးတောင် ဝယ်ယူ လို့ရမှာ မဟုတ်ပါဘူး။ "အချစ်" လောကတဏှာအချစ်ဟာ အတော်လေးကို ကြောက်ဘို့ ကောင်းပါတယ်။ ကျွန်မ ဆုတောင်းပြီး ဆုံးဖြတ်လိုက်တယ်။ စာမေးပွဲ အောင်အောင် ဖြေမယ်။ နောက်မှ ဒီပြဿနာကို ခေါင်းအေးအေးထားပြီး စဉ်းစားမယ် ဆိုပြီး ဟန်မပျက် စာမေးပွဲ သွားဖြေတယ်။ စာမေးပွဲဖြေပြီး ပြန်ရောက်တော့ ကျွန်မ ဆုံးဖြတ်တဲ့ အတိုင်း သူ့မိဘတွေနဲ့ ကျွန်မ သွားတွေ့တယ်။ ကျွန်မမှာ ကိုယ်ဝန်ရှိတဲ့ အကြောင်း၊ ဒါပေမယ့် သူက ကျွန်မကို မယူနိုင်ဘူးတဲ့။ ကျွန်မတော့ ဒီကလေးကို လုံးဝ မဖျက်ချနိုင်ဘူး။ မမြင်ရသေးတဲ့ ဒီလူယုတ်မာရဲ့ သွေးကို မိခင်စိတ် အပြည့်နဲ့ ကျွန်မ သနား မယ်။ ကျွန်မ အားလုံးကို မရှက်မကြောက်နဲ့ ရင်ဆိုင်လိုက်တယ်။ ဒီ ကလေးကို မမွေးခင် ဒီအိမ်မှာ နေခွင့်ပေးပါ။ ဒီကလေးဟာ ဖခင် ရှိတယ်ဆိုတာ လူ့ပတ်ဝန်းကျင်က သိရင်တော်ပြီဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ပေ့ါ။ ဒီလိုနဲ့ ကျွန်မ သမီးလေး မွေးတယ်။ မွေးပြီး တာနဲ့ ကျွန်မ အမေကို မှာလိုက်တယ်။ ကျွန်မကို လာခေါ်ဖို့။ အဲဒီအိမ်မှာ ကျွန်မ တစ်ရက်တောင် ပိုမနေဘူးလို့။ လူမမယ် သမီးလေးကို ချီပြီး ဆင်းလာတယ်။ ကျေးဇူးတော်အားဖြင့် ကျွန်မ အဲဒီနှစ်မှာ မြန်မာစာ ဂုဏ်ထူး တစ်ဘာသာ ထွက်ပြီး စာမေးပွဲ အောင်တယ်။ သူကတော့ စာမေးပွဲ ကျသွားတယ်။ အခု ကျွန်မ သမီးလေး ဟာ (၈)တန်း ကျောင်းသူ ဖြစ်နေပါပြီ။ ဒီဇင်ဘာလတုန်းက ခွင့်နဲ့ မြန်မာပြည် ပြန်သွားတော့ လူတွေအားလုံးရဲ့ ကျွန်မသမီးလေးအပေါ် ချီးမွမ်းသံကိုကြားရလို့ ပီတိ ဖြာမိတယ်။ သမီးလေးဟာ လိမ္မာပြီး စာကြိုးစားတာ သိရတော့ ကျွန်မ အရမ်း ဝမ်းသာ တယ်။ ကျွန်မရဲ့ ဆုံးဖြတ်ချက်တွေ အရမ်းမှန်တယ်။ တကယ်လို့များ ဟို လူယုတ်မာရဲ့ စကားကို နားထောင်ပြီး ဒီကလေးကို ဖျက်ချလိုက်ရင် အပြစ်မဲ့တဲ့ စာတော်တဲ့ ချစ်စရာကလေးလေး အသက်ဆုံးရှုံး ရုံမကဘူး ဘုရားနဲ့ ကျွန်မ ဖြေရှင်းရ မယ့် ဒီပြဿနာဟာ လွယ်မယ်မထင်ဘူး။ ဘုရားသခင်ဟာ ကျွန်မကို စိတ်ရဲ့ ငြိမ်သက် ခြင်းနဲ့ ကောင်းကြီးများ ပေးနေပါပြီ။ တစ်ကယ်တော့ လောကမှာ ရှိနေတဲ့ အချစ်ဟာ ကောင်းကင်အဖရဲ့ အချစ်ကို ဘယ်လိုမှ မမှီပါဘူး။ လူမဆန်တဲ့ လူတွေရဲ့ စိတ်မှာ စားပြီးရင် ထွေးထုတ်မယ်။ အမြီးရ အမြီးစား၊ ခေါင်းရ ခေါင်းစား တတ်တဲ့ လူ့ဘီလူး တွေကို ညီမလေးများ၊ တူမလေးများ အားလုံးသတိထားကြပါ။ လောက တဏှာ အချစ်ကို သတိထားကြပါ။ ကိုယ့်ကို ကမ္ဘာပေါ်မှာ ဖန်ဆင်းထားတဲ့ ဘုရားကို မမေ့ပါ နဲ့။ ကျွန်မလည်း သမီးလေးအတွက် အမြဲတမ်း ဆုတောင်းပေးရတယ်။ ဘဝ သချော် မည့်ဖို့၊ လူ့ရှေ့ ဘုရားရှေ့မှာ မျက်နှာရဖို့ သမီးလေးရဲ့ အသက်တာဟာလည်း ဘုရားရှင်နဲ့ လျှောက်လှမ်းဖို့နဲ့ အမှားကိုဖယ်ပြီး အမှန်ကို ခင်တွယ်ဖို့ ဆုတောင်း ပေးနေရတယ်။ လျှာအရိုး မရှိလို့ ချစ်တယ် ပြောတိုင်း မေတ္တာစစ်လို့ မထင်ပါနဲ့။ အချစ်ကို ယုံပါ၊ ဘဝကို မပုံကြပါနဲ့ ။ ။ *နန်းရထိုက် (က.န.ခ)*

---

## "ဘဝဆိုသည်မှာ"

အဆိုတော် တစ်ယောက်ရဲ့ ရဲ့ "အချစ်ဆိုသည်မှာ"နဲ့ ဆန့်ကျင်စွာ ကျွန်မရဲ့ အဖြစ်ကိုတော့ "ဘဝဆိုသည်မှာ"လို့ နိဒါန်း ပျိုးလိုက်ပါရစေ။ "အိမ်ဖော် ဆိုတာ ဘာလဲ" ကိုယ့်အဖြစ်ကို သဘောကျလွန်းလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတဲ့ မေးခွန်း လေးပါ။ အမေးရှိရင် အဖြေ ရှိရမယ်လေ။ ငယ်စဉ် ကလေးဘဝက စပြီး စင်ကာပူ နိုင်ငံကို မလာခင်အထိ ကျွန်မရဲ့ဘဝဟာ ရေပျော်ငါး လိုပါဘဲ။ အရည်အချင်း ဗလာ နတ္ထိနဲ့ ဟင်းတစ်ခွက်ကိုတောင်မှ ကောင်းကောင်း မချက်တတ်တဲ့ ကျွန်မ၊ သူများရဲ့ အစွမ်း အစတွေနဲ့ ကျော့ကျော့မော့မော့ နေထိုင်လာခဲ့တဲ့ သူလေ။ ခုတော့ အိမ်ဖော် ဘဝရဲ့ အရသာကို ကောင်းကောင်းကြီး သိသွားပါပြီ။ ဒီကို မလာခင်မှာ မေမေ့ရဲ့ စကား တစ်ခွန်းကိုတော့ ပြန်ပြီး ကြားယောင်မိပါရဲ့ "ဟိုရောက်မှ သိလိမ့်မယ်တဲ့" ကျိန်စာ တိုက်ခဲ့တာ မဟုတ်ပေမဲ့လည်း တကယ်ပဲ အားလုံးကို နားလည်သွားပါပြီ မေမေ။ "နင် စင်ကာပူနိုင်ငံကိုမှ သွားပြီး အလုပ်မလုပ်ရင် နင့်ကို ရိုက်သတ်မယ်"လို့ တိုက်တွန်း အားပေးသူ တစ်ယောက်မှ မရှိပါဘဲလျက် ဗီဇစိတ်ဖြစ်တဲ့ တဇွတ်ထိုး အကျင့် အတိုင်း တားမြစ်သူတွေကြားက ရုန်းထွက်လာပြီး ယောနလို သခင့်စကား နားမထောင်ဘဲ လက်မထောင်ကာ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝင့်ကြွားစွာနဲ့ "အိမ်ဖော်လုပ်တာ ဘာဖြစ်လဲ နိုင်ငံခြားမှာတောင် အိမ်ဖော် လာဖြစ်ရတာ ဘယ်လောက် အဆင့်မြင့်လဲ" လို့ ပြောခဲ့တဲ့သူ၊ လုံချည်အစိမ်း အင်္ကျီဖြူနဲ့ ခြင်းတောင်း ကလေး ဆွဲပြီး ကန္နဲ့ကလျနဲ့ လမ်းလျှောက် သွားလာရတဲ့ ဘဝကို မမက်မော ဘဲ အရှက်လုံရုံ ဘောင်းဘီတိုတို ဝတ်လို့ စက်ရုပ်အသွင် ဒွစ္စကိုထဲက လို မှုံးကြွ သွက်လက်တဲ့ လေ့ကျင့်ခန်း အကလေးတွေနဲ့ လက်ညှိုးပေါင်း များစွာ၊ မျက်လုံးပေါင်း များစွာ၊ သင်္ကာမကင်းရှိတဲ့ မျက်နှာပေါင်း များစွာ အလယ်မှာ ဘဝကို လူးလှိမ့်ခံရင်း အံတု ကြိုးစားနေရပြီလေ။ ကျမ်းစာထဲမှာပါတဲ့ အဲဂုတ္တုပြည်မှာ ရှိနေတဲ့ ဣသရေလ လူမျိုးတွေကို သွားပြီး ပြေးမြင်ယောင်မိတယ်။ သို့ပါသော်ငြားလည်း ဘုရားကို ချစ်တဲ့သူ ဖြစ်ခဲ့တာကြောင့် ဘဝခရီးလမ်းဟာ ဆူးခြောင့် ခလုတ်တွေ ကြားထဲ ကနေ အနာဂတ်ဖြစ်တဲ့ သာယာဖြောင့်ဖြူးတဲ့ လမ်းသစ်ဆီကို ထိုးဖောက် ဝင်ရောက်လို့ နေခဲ့ပါပြီလေ။ ရည်ရွယ်ချက် ကိုယ်စီနဲ့လာပြီး ဘဝအတွက် ကြိုးစား ရုန်းကန်နေတဲ့ သူတွေ ကြားထဲမှာ ကျွန်မက ဘာလဲ။ အပွင့်လင်းဆုံးနဲ့ အရိုးသားဆုံး အမှန်အတိုင်း ဝန်ခံရရင် စိတ်ကျဉ်းကြပ်မှုတွေထဲက လွတ်မြောက် ချင်တဲ့ ဆန္ဒတစ်ခု တည်းနဲ့ ကိုယ့်အတ္တ အတွက်ပဲ ကြည့်ပြီး အားလုံးကို စုန်ကန်ခဲ့တာလေ။ ဘုရား သခင်ဟာ သူချစ်တဲ့ သားသမီးတိုင်းရဲ့ စိတ်တွေကို ပြောင်းလဲပေးစမြဲပါ။ ကျေးဇူး တင်ပါတယ် ဘုရားသခင်။ မနက်ဝတ် ညဝတ်နဲ့အတူ သမီးရဲ့ မွေးနေ့ ရောက်လေ တိုင်း အမြဲတမ်း သမီးအတွက် ကျေးဇူးတော် ချီးမွမ်းပေးတဲ့ ဖေဖေနဲ့ မေမေတို့ကို လည်း ဘုရားသခင် ကောင်းကြီးပေးပါစေ။

အခုအချိန်မှာ ကျွန်မဟာ အိမ်ရှင်ရဲ့ ကလေးဖြစ်တဲ့ လသားအရွယ် သားငယ်လေးကို ရင်ခွင်မှာ ပိုက်ပြီး "ဖေ့ဖေ့ကို ချစ် တယ်၊ မေမေ့ကို ချစ်တယ်၊ ယေရှုကို လည်း ချစ်တယ်" ဆိုတဲ့ သီချင်းကို သီဆိုရင်း မြန်မာပြည်မှာ ကျန်ခဲ့တဲ့ ချစ်တဲ့ ဖေဖေနဲ့ မေမေကို သတိရခြင်း၊ တမ်းတခြင်း များစွာနဲ့ အလွမ်းဖြေနေရသလို သမီးရဲ့ ဘဝလည်း တစ်ဆင့်ချိုး ပြောင်းလဲ သွားခဲ့ပါပြီ။ အမှန်တရားကိုလည်း နားလည် သွားခဲ့ပါပြီ။ ဘဝက ပေးတဲ့ သင်ခန်းစာ အဖြစ် ဒီစင်္ကာပူနိုင်ငံကြီးနဲ့ အတူ အခြေခံက စတဲ့ ဒီအိမ်ဖော်ဘဝကို အမြဲတမ်း ထာဝရ အမှတ်ရ ဂုဏ်ယူနေမှာပါလို့။ အယောက်စီ တိုင်းကို ဘုရားရှင် ကောင်းကြီး ပေးပါစေ။ ။ **Baby**

---

## "မင်းငါ့ကို တကယ်ချစ်လား"

"ငါသည် တံခါးရှေ့မှာ ရပ်၍ ခေါက်လျှက်နေ၏"။ (ဗျာ ၃း၂၀)

ယေရှုခရစ်တော် ဤလောကကြီးကို ဆင်းကြွ လာခဲ့ရခြင်း အကြောင်း အရင်းကို မစတင်မီမှာ တပည့်တော် ၁၂ ပါးကို ဆုတောင်း ရွေးကောက်ပြီးမှ လု– ၆း၁၂–၁၆ စနစ်တကျ ယုံကြည်သူ အသက်တာ၌ ကျင်လည်ရန် အနီးကပ် လေ့ကျင့် သင်ကြား ပေးခဲ့ပါတယ်။ အဲဒီ တပည့်တော်ထဲမှာ သုံးဆယ်တန် အနမ်းပေး၍ သခင်ကို အပ်နှံတဲ့ ယုဒရှကာရုတ်၊ နေရာတကာ စိတ်မြန် လက်မြန် ကိုယ့်အကျိုး ကိုယ်ပဲ ဦးစားပေး တက်တဲ့ ပေတရု တို့လည်း ပါဝင်ကြပါတယ်။

သခင်ယေရှုဟာ လူအပေါင်း တို့ရဲ့ အပြစ်ကြွေး အတွက် အသေခံ ရန်နှင့် တပည့်တော်များရဲ့ ယုံကြည်ခြင်း ခိုင်မာစေရန် အချင်းချင်း တည်ဆောက် ပေးရန် အတွက် ဆုံးမသော စကားပြောစဉ် ပေတရုက "အကျွန်ုပ် သည် ကိုယ်တော်နှင့် အတူ ထောင်ထဲသို့၄င်း၊ အသေသတ်ခြင်း သို့၄င်း လိုက်ခြင်းငှါ အသင့် ရှိပါ၏ဟု လျှောက်လေသော် သခင်ဘုရားက ပေတရု ငါဆိုသည်ကား ယနေ့တွင် ကြက်မတွန် မှီ သင်သည် ငါ့ကို မသိဟု သုံးကြိမ် မြောက်အောင် ငြင်းပယ်လိမ့်မည်" (လု ၂၂း၃၃–၃၄) လို့ပြောခဲ့ပါတယ်။ သခင်ယေရှုဟာ ဘုရားဖြစ်သောကြောင့် လူတွေရဲ့ စိတ်နှလုံး ထဲမှာ ရှေ့ဆက်ပြီး အသက်တာ ဘယ်လိုလုပ်မလဲ ဆိုတာကို ကြိုတင်သိနေပါတယ်။

သခင်ယေရှုကို မတရားတဲ့ သူတွေရဲ့ အပ်နှံခြင်းခံရတဲ့ အချိန်မှာ ဘယ်သူမျှ ဝင်ခွင့် မရှိတဲ့နေရာကို ပေတရုက သခင်ကို ချစ်သောစိတ်နှင့်အတူ (၃)နှစ် တာမျှ နေခဲ့ရသော သံယောဇဉ်ကြောင့် အနောက်ကနေ လိုက်ပါခဲ့ပါတယ်။ စိတ်မချ စွာနှင့် လိုက်ချောင်း ကြည့်မိသလို မိမိ အသက်ကိုပါ သတ်မည်စိုးသောကြောင့် သခင် ယေရှုကို ငါမသိဟု (၃) ကြိမ် ငြင်းလိုက်မိတဲ့ အချိန်မှာ "ထိုအခါ သခင်ဘုရား (ယေရှု)



*သခင့်စကား ဝိညာဉ်ရေး လစဉ်စာစောင် အမှတ်စဉ် ၉၆။ ဩဂုတ်လ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။*

သည် လှည့်၍ ပေတရုကို ကြည့်တော်မူ၏။ (လု ၂၂း၆၁) အဲဒီအချိန်မှာ သခင်ယေရှုဟာ ပေတရုရဲ့ စိတ်နှလုံးတံခါးကို လှမ်းပြီး သတိပေးလိုက်ပါတယ်။ ပေတရုလည်း ကြီးစွာ နောင်တရ၍ အပြင်မှာ သွား၍ ငိုရပါတယ်။

သခင်ယေရှု သေခြင်းမှထမြောက်ပြီးတဲ့ အချိန်မှ သခင်နဲ့ ပေတရုတို့ (၂)ဦးသားသာ သိပြီးဖြစ်တဲ့ ယေရှုဟာ ပေတရုရဲ့ နှလုံးသား တံခါးရှေ့မှာ ရပ်၍ ၃ချက် တံခါးခေါက် လိုက်ပုံက "ဤသူတို့သည် ငါ့ကို ချစ်သည်ထက် သင်သည် သာ၍ ချစ်သလော"ဟု ရှိမုန်ပေတရုကို မေးပါတယ်။ ပထမဆုံး တစ်ခါခေါက်တဲ့ အချိန်မှာ ငါ၏ သိုးသူငယ်ကို ကျွေးမွေးလော့၊ ဒုတိယတစ်ခါကတော့ ငါ၏ သိုးထိန်းတို့ကို ထိန်းသိမ်းလော့၊ တတိယတစ်ခါကတော့ ငါ၏ သိုးတို့ကိုကျွေးမွေးလော့။ ဖြစ်ပါ တယ်။

သခင်ယေရှုကို လူတွေနှင့် တပည့်တော်များ စွန့်ခွါ သွားကြပေမဲ့ လည်း ပေတရုဟာ မစွန့်ရက်ပဲ မယောင်မလည် လိုက်ကြည့်ခဲ့တဲ့ အတွက်ကြောင့် ငါ့ကို သာ၍ ချစ်သလောလို့ အမေးခံရခြင်း ဖြစ်ပါတယ်။ သခင်ယေရှု လောက မြေကြီးကနေ ကောင်းကင်သို့ ချီဆောင်ရန် ခံယူရချိန်မှာ ယုံကြည်သူများရဲ့ အသက် တာဟာ အင်မတန်မှ ဝိဉာဉ်ပိုင်းဆိုင်ရာမှ ကလေးဘဝ နုနယ် သေးသော ကြောင့် သိုးသူငယ်လို့ သုံးထားပြီး သခင်ယေရှု အသတ်ခံ ရခြင်းကြောင့် ကစဉ့် ကလျား ဖြစ်နေသော ယုံကြည်သူများကို ပြန်လည် နှစ်သိမ့် စောင့်ရှောက် ထိန်းသိမ်းရန် ခိုင်မာ မြဲမြံသော ယုံကြည်သူများ ဖြစ်ရန် အတွက် ကျွေးမွေး ခိုင်းထားပါတယ်။ တကိုယ် ကောင်းဆန်သော ပေတရုဟာ သခင်ယေရှု သူ့ရဲ့ နှလုံးသား တံခါးခေါက်သံကို ကြားပြီး တံခါးကို ဖွင့်ကာ ထိုသခင်ကို နှလုံးသားထဲမှာ လက်ခံခဲ့ပါ တယ်။ ထိုသခင်ရဲ့ အုပ်စိုးမှုကို ခံယူကာ ထိုသခင်နှင့်အတူ စားသောက်ခွင့် ရခဲ့ပါ တယ်။

နောင်တစ်ချိန် သခင်ယေရှု ရှင်ပြန်ထမြောက်ပြီးတဲ့ အချိန်မှာတော့ ကြောက်တတ်သော ပေတရုဟာ ရဲရဲဝံ့ဝံ့ ဖြေပုံက " ဘုရား သခင်၏ စကားတော်ကို နားထောင်သည်ထက်၊ သင်တို့၏ စကားကို သာ၍ နားထောင်သော်၊ ဘုရားသခင် ရှေ့မှာ ကောင်းမည်၊ မကောင်းမည်အကြောင်းကို ဆင်ခြင်၍ စီရင်ကြလော့" (တ ၄း၁၉)လို့ သူ့ကို တားဆီးတဲ့ သူတွေကို ပြန်ပြောခဲ့ပါတယ်။ ပေတရုဟာ သူ့ရဲ့ အသက်တာ ကို ဘုရားဘက်မှာ ရပ်တည်ခဲ့ပါတယ်။

နောက်ဆုံး သခင်ယေရှု ကြုံရသလိုမျိုး ပေတရု ကြုံရပါတယ်။ ပေတရုကို ဖမ်းဆီးပြီး ထောင်ထဲမှာ လူအယောက်(၆၀) စောင့်ကြည့်ခိုင်းပါတယ်။ ပေတရုဟာ ပသခါပွဲလွန်ရင် သေနိုင်တယ်၊ ရှင်နိုင်တယ်။ လုံးဝ ဆုမတောင်းပဲ ဘုရားသခင်ထံမှာ ဆက်ကပ် အပ်နှံ၍ စိတ်အေး လက်အေး ငြိမ်သက်ခြင်း အပြည့်နဲ့ အိပ်ပျော်နေပါတယ်။ ပေတရု ပြုစုပျိုးထောင်ထားတဲ့ ယုံကြည်သူ တချို့ဟာ ဆုတောင်း ပေးနေပါတယ်။ သခင်ယေရှုကို ငါမသိလို့ ငြင်းမိတဲ့ ပေတရုဟာ ပူပင်သောက ကင်းမဲ့နေပါတယ်။ သခင်ယေရှုဟာ ပေတရုကို မင်းငါ့ကို သူများတွေထက် သာ၍ ချစ်သလားဟု မေးခဲ့သလို ယနေ့ ယုံကြည်သူ အသက်တာမှ တပည့်တော် အသက်တာ အထိ တက်လှမ်းနိုင်ရန် အတွက် သင့်ရဲ့ နှလုံးသားတံခါးရှေ့မှာ သခင်ယေရှုက ရပ်၍ ခေါက်နေပါတယ်။ မင်းငါ့ကို တကယ်ချစ်သလားတဲ့။ စာဖတ်သူ အပေါင်းတို့ သခင်ယေရှုကို နှလုံးသားထဲက ပြန်ချစ်နိုင်ပါစေ။ ။ *မာရာနသာ နီနီခိုင်*

---

## "ဘုရားသခင်ပေးခဲ့သော သူ့ရဲ့ကောင်းမေမေ"

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မတို့ မိသားစု ဘဝ အကြောင်းလေးကို မဝေငှခင် ကျွန်မ မေမေနဲ့ မိတ်ဆက်ခွင့် ပေးပါရစေ။ မေမေက ကချင် လူမျိုး၊ လာရှီးသူလေး တစ်ယောက် ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ မောင်နှမ (၆)ယောက် ရှိခဲ့ကြပါတယ်။ အစ်မကြီး (၂)ယောက်က ငယ်ငယ်လေး ထဲက ဆုံးသွားခဲ့ပါတယ်။ ကိုကိုကြီး၊ ကိုကိုလတ်၊ ကျွန်မရယ်၊ ညီမလေး အထွေးလေးရယ် ကျန်ရှိ ပါတယ်။ မိုးကုတ်ဆိုတာ အများသိကြတဲ့အတိုင်း ကျောက်ဝယ်၊ ကျောက်တူး ရင်းနဲ့ လုပ်ကိုင်စားသောက်နေထိုင်ကြတဲ့ မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ ကျွန်မ ဖေဖေက အသောက်အစား ရှိတဲ့ သူတစ်ယောက်လို့ ပြောလိုက်ရင် အားလုံးဘဲ နားလည် နိုင်ကြမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မတို့ မောင်နှမ (၄)ယောက်ရဲ့ စားဝတ် နေရေး၊ ပညာရေးကအစ မိသားစု တာဝန်ကို မေမေ တစ်ယောက်တည်း ဦးဆောင်ခဲ့ရပါတယ်။ မေမေက ကျောက်လည်းဝယ်၊ ကျောက်ပွဲစားလည်း လုပ်ပါတယ်။ တစ်နေ့မိသားစု စားဝတ်နေရေး မဖူလုံ လာတာနဲ့ မေမေဟာ "ဘိန်းဖြူ" အရောင်း အဝယ်လုပ်ခဲ့ပါတယ်။ မေမေဟာ မသမာတဲ့နည်းနဲ့ ကျွန်မတို့ မောင်နှမတွေအတွက် ကြိုးစားရုန်းကန် ရှာဖွေကျွေးမွေးခဲ့ရပါတယ်။ ကြာလာတော့ မေမေလည်း "ဘိန်းဖြူ"ရောင်းတဲ့ အလုပ်ကို ရပ်နားခဲ့ပါတယ်။ တစ်နေ့ မမျှော်လင့်ပဲ ရဲတွေ မေမေ့ကို လာဖမ်းသွားကြတယ်။ လူကြီးတွေကတော့ မေမေ့ကို အမှုလိုက်ပေးကြပါတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ မေမေ ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေ ရောင်းပြီး အမှုလိုက်တော့လဲ အရာ မရောက်တော့ပါဘူး။ မေမေက "ကျွန်မကို အမှုမလိုက်ပါနဲ့တော့ တရားဥပဒေက ပေးတဲ့ ပြစ်ဒဏ်ကို ကျွန်မ ခံယူလိုက်တော့မယ်။ ကျန်ရစ် ခဲ့တဲ့ ကျွန်မသားသမီး (၄)ယောက်ကို စောင့်ရှောက် ထားပေးကြပါလို့" မှာခဲ့နိုင်ပါတော့တယ်။ ကျွန်မတို့ မေမေ တရားဥပဒေက ပေးတဲ့ အပြစ်ဒဏ်ကို ခံယူလိုက်ပြီ။ မေမေ ထောင်ကျသွားခဲ့ပြီ (၁၂)နှစ်တဲ့။

ကျွန်မတို့ မေမေ မရှိတော့ မောင်နှမတွေ ဘယ်လိုကြီးပြင်းခဲ့ကြသလဲ ဆိုတာ ယခုအချိန်မှာ မတွေးဝံ့ရဲလောက်အောင်ပါပဲ။ အဲဒီ အချိန်တုန်းက ကိုကိုကြီး၊ ကိုကိုလတ်ကတော့ ကျောင်းတက်နေကြပြီ။ ကျွန်မတို့ ညီမ နှစ်ယောက်ကတော့ ကျောင်းတောင် မတက်ရသေးတဲ့ အရွယ်။ ကျွန်မတို့ မေမေ ပြန်မလာတာ နှစ်အတော် ကြာခဲ့တယ်။ တစ်နေ့ တရားဥပဒေရဲ့ လျှော့ရက် ပေးမှုကြောင့် မေမေ ထောင်ကနေ လွတ်လာခဲ့တယ်။ ကျွန်မတို့ မေမေ ထောင်ကနေ တကယ် လွတ်လာခဲ့ပြီ။ မေမေ ထောင်က ထွက်လာတော့ ကျွန်မတို့ ညီမနှစ်ယောက် (၅)တန်း တက်နေပြီ။ ကိုကိုကြီးကတော့ ကျောင်းထွက်ပြီး ကျောက်တူးရင်းနဲ့ ရှာကျွေးခဲ့တယ်။ ကိုကိုလတ်ကတော့ မေမေ ထောင်ကျလို့ သိပ်မကြာခင်မှာ ငှက်ဖျား ရောဂါနဲ့ ဆုံးသွား ခဲ့တယ်။ ကိုကိုလတ် အကြောင်းကို သိလိုက်ရတဲ့မေမေဟာ အရမ်း ခံစားခဲ့ရတယ်။ မေမေ မရှိတဲ့ အချိန်မှာ ကျွန်မတို့ဟာ ဦးလေး၊ အမေကြီးတို့နဲ့ နေခဲ့ရပါတယ်။ မေမေ ထောင်ကထွက်တော့ ဦးလေး၊ အမေကြီးတို့ဆီ အရင်သွားပြီး ကျွန်မတို့ မောင်နှမ အကြောင်းကို သွားပြီး မေးခဲ့ပါတယ်။ ဦးလေးက အစ်မရဲ့အိမ် မြို့ထဲ မှာ ရှိတယ်။လို့ အမေ့ကို ပြောလိုက်တယ်။ အမေ မရှိတုန်း ဖေဖေက အိမ်ဟောင်းကို ရောင်းပြီး တစ်ခြား တစ်နေရာမှာ အိမ်ဝယ်ထားတယ် ဆိုတဲ့အကြောင်းကို မေမေ ပြန်လာမှ သိခဲ့ရတယ်။ မေမေက အိမ်ကို လိုက်ပြခိုင်းပါတယ်။ ဦးလေးက မေမေကို ခေါ်ပြီး မြို့ထဲက အိမ်ကိုအသွား၊ ကျွန်မတို့ ညီမ နှစ်ယောက် တက်တဲ့ ကျောင်းကို ဖြတ်သွား ရပါတယ်။ အဲဒီအချိန်မှာ မုန့်စားကျောင်း ဆင်းနေတာနဲ့ ဦးလေးက အစ်မ သမီး နှစ်ယောက်ကို ဝင်တွေ့လို့ရတယ် ဆိုပြီး ဦးလေးက မေမေကို ကျွန်မတို့ညီမ နှစ်ယောက်တက်တဲ့ ကျောင်းခန်းလေးဆီ ခေါ်လာခဲ့တယ်။ ဦးလေးရဲ့ ခေါ်သံကြောင့် ပြေးလာပြီး ဦးလေး ဘာပြောစရာ ရှိလို့လဲလို့ မေးကြတော့ ဦးလေးက ဒါ သမီးတို့ရဲ့ "မေမေ"လေတဲ့။ ဦးလေးရဲ့ လက်ညှိုး ထိုးပြတဲ့ ဘက်ကို ကြည့်လိုက်တော့ မေမေ ပြုံးပြတယ်။ မေမေကလည်း ကျွန်မတို့ကို မမှတ်မိ၊ ကျွန်မတို့ကလဲ မေမေကို မမှတ်မိနဲ့ သားအမိတွေ အကြာကြီး ငေးကြည့်နေတုန်း ကျောင်းတက် ခေါင်းလောင်းသံကြောင့် ဦးလေးနဲ့ မေမေ မြို့ထဲက အိမ်ဆီ သွားခဲ့ကြတယ်။ ကျွန်မကတော့ မယုံနိုင်ခဲ့ဘူး။ မဖြစ်နိုင်ဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ကြည့်ဖို့ မေမေ ဓါတ်ပုံကို ပေးထားကြတယ်။ ကျွန်မတို့ ငယ်ငယ်တုန်းက မေမေက အရွယ် ရှိသေးတော့ လှတယ်လေ။ အခုတော့ ထောင်ကနေလဲ ထွက်လာတဲ့အပြင် အသက်လဲကြီးလာတာကြောင့် အရင်ကလို ဘယ်လှပနိုင်တော့မှာလဲ။ ကျောင်းဆင်းလို့ ဦးလေးအိမ် ပြန်လာတော့ ခြံဝမှာ မေမေ ကျွန်မတို့ ညီမ နှစ်ယောက်ကို အပြုံးမပျက် စောင့်ကြိုနေရှာတယ်။ သားအမိတွေ ငေးကြည့်ကြတာတော့ မပြီးနိုင်။ မေမေလို့ ပါးစပ်ကနေ ခေါ်လို့ မထွက်နိုင်တာ လ အတော် ကြာခဲ့တယ်။ မေမေက ကျွန်မတို့လက်ကို ကိုင်ပြီး ဒီနေ့က စပြီး မေမေတို့မိသားစု မခွဲဘဲ အတူတူ နေကြမယ်နော်။ ကျွန်မတို့ မေမေနဲ့ အတူ နေထိုင်ခွင့် ရရှိခဲ့တယ်။ ကိုကိုကြီးက ကျောက်တူးရင်း ရှာကျွေးတယ်။ အပြင်လောကနဲ့ (၈)နှစ်ကြာ ခွဲခွာရတော့ မေမေဟာ ဘယ်ကနေ ဘယ်လို အလုပ်စလုပ်ရမှန်းမသိဘဲ အလုပ်လက်မဲ့ ဖြစ်ခဲ့ရတယ်။ ကိုကိုကြီးက ရှာကျွေးနေတုန်း ကြားလူ တွေရဲ့ သွေးထိုးမှုကြောင့် အိမ်ကနေ ထွက်သွားခဲ့တာ နှစ်အတော်ကြာ မေမေ အားကိုးရာမဲ့ ဖြစ်ခဲ့ရပြန်တယ်။ အဲဒီအချိန်မှာ "ဘိန်းဖြူ" ဆိုတာ ရောင်းဝယ်လို့ ကောင်းနေတုန်းဘဲ။ ဒါပေမဲ့ မေမေက တစ်ခါမှားခဲ့တဲ့ အမှား တစ်ခုကို နောက်တစ်ခါ ထပ်မမှားစေရဘူး ဆိုပြီး ကျွန်မတို့ ညီမနှစ်ယောက် ပညာရေးအတွက် တစ်အိမ်ဝင် တစ်အိမ်ထွက် အဝတ်လျှော်ရင်း ရှာဖွေကျွေးမွေးပြုစုခဲ့တယ်။ တစ်နေ့ ခက်ခဲမှုလေးကြောင့် အဒေါ်တွေဆီ သွားပြီး ဆန်(၂)ပြည် သွားတောင်းခဲ့တယ်။ အဒေါ်အိမ် ရောက်တော့ "မင်းတို့ကို ပေးဖို့ ငါတို့မှာ ဆန် မရှိဘူးတဲ့။" ကျွန်မတို့ ညီမ နှစ်ယောက် ခြင်းတောင်းလေးကို ကိုင်ပြီး မျက်ရည်နဲ့ ပြန်ခဲ့ရတယ်။ ခြံဝမှာ မေမေ စောင့်နေတယ်။ မေမေ့ကို အဒေါ် တွေ ပြောတဲ့အတိုင်း ပြောပြီး ငိုကြတော့ မငိုပါနဲ့ သမီးတို့ရယ်၊ သူတို့မပေးလဲ ဘာမှ မဖြစ်သွားပါဘူး၊ လာမိုးချုပ်ပြီး ဆိုပြီး အိမ်ထဲ ဝင်ခဲ့ကြတယ်။ မနက် ကျောင်း သွားတော့ မေမေအိမ်မှာ တစ်ယောက်ထဲ ကျန်ခဲ့တယ်။ ကျောင်းဆင်းလို့ အပြေး ပြန်လာတော့ မေမေက သမီးတို့ကို စောင့်နေတာ မေမေ အခုအလုပ်ရပြီ။ အခုချက်ခြင်း သွားရမှာ၊ ဒါဆို မေမေ အိမ်ပြန် မအိပ်ဘူးလားလို့ မေးတော့ မေမေက ဟုတ်တယ် ဒီအလုပ်က မြို့နဲ့ဝေးတယ် ဆိုပြီး ကျွန်မက အကြီး ဆိုတော့ စကားတွေ မှာရှာတယ်။ ညီမလေးကို စောင့်ရှောက်၊ လိမ်လိမ်




*သခင့်စကား ဝိညာဉ်ရေး ရာစာစောင် အမှတ်စဉ် ၉၆။ ဩဂုတ်လ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ဖြန့်ချိရန် ကာန့်သတ် ထုတ်ဝေသည်။*

မာမာနေ၊ ညအိပ်ရင် တံခါးတွေ သေချာပိတ်ပြီး အိပ်ဖို့၊ လက်ထဲကို ငွေ(၄၀၀၀) ထည့်ပြီး လကုန်တဲ့အထိ ချွေတာပြီး သုံးနော်တဲ့၊ စကားမှာနေတုန်း သွားကြမယ်ဟော့ ဆိုတဲ့ အော်သံကြောင့် မေမေဟာ ပစ္စည်းတွေ အစုံထည့်ထားတဲ့ ကားရဲ့ နောက်ခန်းမှာ လိုက်ပါသွားခဲ့တယ်။ မေမေကို ကားလမ်းမ မြင်နိုင်တဲ့အထိထွက်ကြည့်ပြီး လက်ပြ နှုတ်ဆက်ခဲ့ကြတယ်။ မမြင်နိုင်တဲ့ အဆုံး ညီမလေးရဲ့ လက်ကို တွဲပြီး အိမ်ပြန်ခဲ့ကြတယ်။ မေမေ့အလုပ်က ဖက်စပ်မှာ "ထမင်းချက်" တဲ့။ ဖက်စပ် ဆိုတာ ကျောက်တူး သမားတွေနေတဲ့ နေရာလို့ ခေါ်ပါတယ်။ ဒီလိုနဲ့ လကုန်တော့ မေမေ ပြန်လာတယ်။ ဘုရားကျောင်း မသွားရတာလဲ ကြာလာတော့ မေမေ ကျွန်မတို့ ညီမနှစ်ယောက်ကိုခေါ်ပြီး ဘုရားကျောင်းကို သွားခဲ့တယ်။ လူကြီးတွေက မေမေ့ကို အပြန်အလှန် ကျမ်းစာဖတ်ဖို့ အချိန်ပေးတော့ မေမေ ဖတ်ခဲ့ပါတယ်။ ဒါပေမဲ့ အသင်းသားတွေက ဒီလို ထောင်ထွက် တစ်ယောက်ကို ကျမ်းစာ ဖတ်ခိုင်းရလား ဆိုပြီး ပြဿနာ ဖြစ်ကြတာနဲ့ ကျွန်မတို့ မိသားစု ဘုရားကျောင်း သွားမတက်ရဲတာ လ အတော်ကြာခဲ့တယ်။ ထောင်ထွက် ဆိုပြီး ဘုရားကျောင်းမှာ ကျမ်းစာ မဖတ်ရတော့ဘူးလားရှင်။(မသိလို့ မေးမိတာပါ) ကျွန်မတို့ သားအမိ မျက်ရည်ပင်လယ်နဲ့ပေါ့။ မေမေက ဝယ်စရာရှိတာတွေ ဝယ်ပေးခဲ့ပြီး ပြန်သွားခဲ့တယ်။ ခရစ္စမတ်မှာ မေမေ ပြန်လာ တယ်။ ညရောက်တော့ ဘေးအိမ်မှ ကယ်ရယ် သီချင်းသံကြောင့် မေမေက ဘယ် အသင်းတော်ကလည်း မသိဘူး ဘာပဲဖြစ်ဖြစ် သွားဖိတ်လိုက်မယ် ဆိုပြီး ဘေးအိမ်ကို ရောက်တော့ ကျွန်မ အိမ်ကိုလည်း လာဆိုပေးဖို့ ဖိတ်ခေါ်ပါတယ် လို့ ပြောလိုက်တော့ ဦးဆောင်တဲ့သူက ဖိတ်စာပို့တဲ့ အိမ်ကိုပဲ သီချင်းဆိုတာပါ မပို့ထားတဲ့အိမ်ကို သီချင်းမဆိုပါဘူး အချိန်လုနေရတဲ့အတွက် တစ်ခြားအိမ်တွေ နောက်ကျ လိမ့်မယ်တဲ့။ မေမေ မျက်နှာငယ်လေးနဲ့ ပြန်လာတော့ ငိုခဲ့ရပြန်တယ်။ ခရစ်တော် သတင်းကောင်းကို ပြောတာ ဖိတ်စာပို့မှ ဆိုရတာလားရှင်။ (တကယ်မသိလို့ မေးတာပါ)။ ကျွန်မတို့ မိသားစုကို ကြိုဆို ဖိတ်ခေါ်မယ့်သူ မရှိခဲ့ပါဘူး။ ဒီလိုနဲ့ ဘုရားကျောင်းနဲ့ ဝေးခဲ့တာ နှစ်အတော် ကြာခဲ့ပါတယ်။ ကျွန်မတို့ ညီမနှစ်ယောက်(၁၀)တန်းဖြေပြီးတော့ မေမေရှိတဲ့ ကျောက်ပုထိုး၊ ကောလင်းမြို့ကို ရောက်သွား ခဲ့တယ်။ မေမေက အလုပ် လုပ်တာ နှစ်တော်တော်ကြာလာတော့ သူဌေးရဲ့ အကူအညီကြောင့် စာရင်းကိုင် အလုပ် ရခဲ့ပါတယ်။ ညီမလေးက ဆက်လုပ်ခဲ့ ပါတယ်။ ကျွန်မက အဲဒီအချိန် ကျမ်းစာကျောင်း တက်ချင်တဲ့စိတ်က ပြင်းထန်နေတော့ မေမေနဲ့ ညီမလေးရဲ့ ထောက်ပံ့မှုနဲ့ ကျမ်းစာကျောင်းဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျမ်းစာကျောင်း တက်မယ်ဆိုရင် သင်းအုပ် ဆရာကြီးရဲ့ လက်မှတ် လိုပါတယ်။ မိခင်အသင်းတော်ကို သွားပြီး လတ်မှတ် ထိုးခိုင်းလဲ ထောင်ထွက်က ကျမ်းစာဖတ်လို့ ပြဿနာ ဖြစ်ထားတော့ အဆင်မပြေခဲ့ပါဘူး။ မိုးကုတ်မြို့နဲ့ အလှမ်းဝေးတဲ့ ပိန်းပြစ်ကျေးရွာမှာ ဆရာတော်ရဲ့ မိတ်ဆက်ပေးမှုကြောင့် မိုးကုတ်မြို့ "အဂ္ဂါဖေ လီဆူး နှစ်ခြင်း အသင်းတော်" ဆရာကြီး(သင်းအုပ်)ရဲ့ လက်မှတ်ထိုးပေးမှုဖြင့် ကျွန်မ ကျမ်းစာ ကျောင်း (၁)နှစ် တက်ရောက်ပြီးဆုံးခဲ့ရပါတယ်။ မေမေနဲ့ ညီမလေး အလုပ်လည်း သိမ်းတော့ ကျွန်မတို့မိသားစုတွေ အိမ်ပြန်လာခဲ့ကြပါတယ်။ ကျမ်းစာကျောင်း ပြီးဆိုတော့ ထုံးစံအတိုင်း တရားဝေဌဖို့ အချိန်ပေးကြတယ်။ ကျွန်မ တကယ်ပြောရရင် တရားဝေဌတဲ့ အထိတော့ မပြည့်စုံနိုင်သေးပါ။ ဒါပေမဲ့ မေမေရဲ့ အားပေးမှုကြောင့် ဘုရားသခင်ဆီမှာ ကျမ်းစာဖတ် ဆုတောင်းတော့ ကျွန်မ မိသားစု ဘဝ အကြောင်းကို ကျမ်းပိုဒ်လေးနဲ့ ခွန်အားပေး ဝေဌ သက်သေခံခဲ့ပါတယ်။ ဒါလည်း ပြဿနာ ဖြစ်ရပြန်တယ်။ ဘယ်သူ့ကိုမှ မရည်ရွယ်ခဲ့ပါဘူး။ ကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ ဘဝအကြောင်းကို ကျမ်းပိုဒ်လေးနဲ့ နှိုင်းပြီး ဝေဌခဲ့တာပါ။ တရားနာရတဲ့ တစ်ချို့လူတွေက သူတို့ကို စော်ကားတယ်ဆိုပြီး စိတ်ဆိုးကြလို့ မေမေက ကျွန်မအတွက် ဖြေရှင်း ပေးခဲ့ပါတယ်။ ဒီလိုနဲ့ နှစ်ကြာလာတော့ ညီမလေးလည်း အိမ်ထောင်ပြု မေမေလည်း အနားယူခဲ့ရတယ်။ ညီမလေးရဲ့ ခင်ပွန်းက နားလည်မှုအပြည့်ရှိတဲ့ ချမ်းသာ တဲ့ သူ တစ်ယောက်ဖြစ်ပါတယ်။

ကျွန်မတို့ မိသားစု မျက်နှာ မငယ်အောင် ထားနိုင်ခဲ့တယ်။ ဘုရားကျောင်းကို လိုက်ပို့တာလဲ ရက် မပျက်ခဲ့ပါဘူး။ အခုတော့ ဘုရားကျောင်းက အပြန်မှာ အရင်တုံးက မခေါ်မပြောတဲ့သူတွေက အဆင်ပြေလာတဲ့ ကျွန်မတို့ကို အခုမှ ခေါ်ပြော ဆက်ဆံကြပုံက ဟဲ့ မတွေ့ တာ ကြာပြီနော် သမီးအငယ် အိမ်ထောင်ကျတာ သူဌေးနဲ့ဆို ငါ့သူငယ်ချင်း ကလေး တွေ ငယ်ငယ်တုန်းက ပင်ပန်းဆင်းရဲခဲ့သမျှ အခုတော့ အိုဇာတာ ကောင်းလာပြီ။ ငါ့အိမ် ကိုလည်း လာလည်နော်။ ဟိုဘက်လမ်းမှာ နေတယ်တဲ့။ မေမေရဲ့ ပြုံးရွှင်နေတဲ့ မျက်နှာကို မြင်လိုက်ရတော့ ညီမနှစ်ယောက် ဝမ်းသာ မျက်ရည်ဝဲခဲ့ရတယ်။ အရင်တုန်းက လမ်းတွေ့တာတောင် မခေါ် မပြောတဲ့ သူတွေ။ အခုတော့ မေမေဟာ ဘုရားကျောင်းရဲ့ ရှေ့ဆုံးခုံမှာထိုင်ခွင့်ရပြီး မြေးလေးတွေနဲ့ မေ့မေ့မျက်နှာဟာ လဝန်းပမာ လန်းဆန်းနေတာ တွေ့ရတော့ ဘုရားသခင်ကို ကျေးဇူး အထူးတင်မိပါတယ်။ တစ်ချိန်တုန်းက ဘဝဒဏ်ကြောင့် မပြုံးရွှင်နိုင် ခဲ့တဲ့ မေမေ၊ ကျွန်မ တို့ကြောင့် ဒုက္ခပေါင်း မြောက်များစွာ ရင်ဆိုင်လာခဲ့တဲ့ မေမေ၊ ကျွန်မတို့ မေမေ့မျက်နှာ လဝန်းပမာ လန်းဆန်းနေတာ ပျောက်ပြယ်မသွားအောင် ကျွန်မတို့ မောင်နှမတွေ ကြိုးစားရပါအုံးမယ်။ ကျေးဇူးတင်ပါတယ် မေမေရယ်။ ဘုရားသခင် ကောင်းကြီး ပေးပါစေလို့ အမြဲတမ်း ပြောနေလျှက်ပါ မေမေ။ ဧပြီလမှာ မေမေ အသက် (၅၃)နှစ်ပြည့် ဖြစ်ပါတယ်။ ပျော်ရွှင်သော မွေးနေ့ဖြစ်ပါစေ မေမေ။ ကျွန်မတို့ မိသားစုအကြောင်းကို သခင့်စကား စာစောင်မှ တစ်ဆင့် ဝေဌ သက်သေခံခွင့် ထပ်ပေးတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းရင်း ကျေးဇူးတင်ပါတယ်။ ဖတ်သောသူ အားလုံးအပေါ် ဘုရားသခင် ကောင်းကြီး ပေးပါစေ။ (မည်သူ့ကိုမှ မရည်ရွယ်ပါ။ ) *ရတနာ (မိုးကုတ်)*

---



## တိုက်ဆိုင်မှု..မဟုတ်ခဲ့ပါ

ည . . လေပြင်းမုန်တိုင်း တွေကျပြီး မိုးက သဲသဲ မဲမဲရွာချနေတယ်။ ကောင်းကင် တစ်ခုလုံး အမှောင်အတိ။ မိုးကသည်းပြီး လေကလဲ ပြင်းထန်လွန်းလို့ အပြင်မှာ သက်ရှိ သတ္တဝါ တစ်ကောင်တစ်လေမှ မရှိပါ။ လေပြင်း ဒဏ်ကြောင့် သစ်ပင်တွေကျိုးပြီး လျှပ်စစ်မီးတွေလည်း ပြတ်နေပါတယ်။ ထိုအချိန်တွင် သင်းအုပ် ဆရာ ဦးအောင်သက် တစ်ယောက်၊ သူ့ရဲ့ ကျဉ်းမြောင်းသော အခန်းလေးထဲမှာ ဖယောင်းတိုင် မီးထွန်းလျှက် တနင်္ဂနွေနေ့အတွက် တရားဟောချက် ပြင်ဆင်နေ ပါတယ်။ ထိုအခိုက် ဧည့်ခန်းထဲမှ တယ်လီဖုန်းဟာ အသံမြည်လာပြီး ဦးအောင်သက် လည်း ဘယ်သူများ ဒီအချိန် ဖုန်းဆက်ပါလိမ့်လို့စဉ်းစားရင်း "ဟယ်လို – ဆရာ ဦးအောင်သက် ရှိပါသလားရှင်" အမျိုးသမီး တစ်ဦးရဲ့ အသံ ဖြစ်ပါတယ်။ "ဟုတ်ကဲ့ ပြောနေပါတယ်" "ကျွန်မ ပြည်သူ့ဆေးရုံက ခေါ်နေတာပါ။ ကျွန်မတို့ ဆေးရုံမှာ သေလု ဆဲဆဲ လူနာ တစ်ယောက်က သူ့ရဲ့ နောက်ဆုံး အချိန်မှာ တရားဟော စေချင်တယ် ဆိုလို့ ဆရာ အခုချက်ချင်း လာလို့ရမလား" "ကျွန်တော် လာခဲ့ပါ့မယ်" လို့ ဦးအောင်သက် ဖုန်းချအပြီး ကားလေး မောင်းရင်း ဆေးရုံကို ထွက်သွားပါတယ်။ ခရီးက မိုင်(၃၀) လောက်ပဲ မောင်းရပေမဲ့ မိုးသည်း လေပြင်းထဲမှာ ဦးအောင်သက်ရဲ့ ကား အဟောင်း အစုတ်လေးက မနည်း ရုန်းရင်း ခရီးဆက် နေရပါတယ်။ လမ်းမှာ ကား တစ်စီး တစ်လေတောင် မတွေ့မိပါဘူး။ ဦးအောင်သက်လည်း သတိထား မောင်းရင်း ဖြည်းဖြည်းပဲ ဆေးရုံအထိ ခရီးဆက် နိုင်ခဲ့ပါတယ်။ ဆေးရုံအဝင်ဝ ရောက် ရောက်ချင်းပဲ **night shift nurse** လေးက "ဆရာ ရောက်လာတဲ့အတွက် အရမ်း ဝမ်းသာ တာပဲ၊ ကျွန်မတို့ရဲ့ လူနာက သူမသေခင် နောက်ဆုံး တရား ယူသွား ချင်တယ်ဆိုလို့ ဆရာ့ကို ခေါ်လိုက်ရတာပါ။ လူနာက အရက် ကို နှစ်အကြာကြီး စွဲသောက်ခဲ့ပြီး အခုတော့ သူ့ရဲ့ အသည်းရောဂါက သူ့ကို သေမင်းဆီ ခေါ်ဆောင်နေပါပြီ။ ဒီလူက ထူးဆန်းတယ် ဆရာ။ သူ ဆေးရုံတက်တာ တစ်ပတ်လောက်ရှိပြီ။ ဘယ်သူမှ သူ့ဆီ လူနာ သတင်း လာမမေးကြဘူး။ သူက သစ်တောထဲမှာ တစ်ယောက်တည်းပဲ နေပြီး ဘယ်သူမှလည်း သူ့အကြောင်း မသိကြဘူးဆရာ။ ဘယ်သူနဲ့မှလည်း စကား မပြောဘူး" လို့ လူနာ အခြေအနေကို ပြောပြပါတယ်။

ဆရာ ဦးအောင်သက်လည်း "လူနာ နာမည် ဘယ်လိုခေါ်ပါသလဲ" လို့ မေးလိုက်ပါတယ်။ ဆေးရုံက လူတွေကသူ့ကို ဦးတောလို့ ခေါ်ကြတယ်။ မီးမှုန်မှုန်လေး ဖွင့်ထားတဲ့ ဆေးရုံ အခန်းလေးတစ်ခုမှာ ပိန်လှီပြီး စိတ်ဓါတ်ကျနေတဲ့ လူတစ်ယောက်ဟာ ကုတင်ပေါ်မှာ လှဲနေပါတယ်။ သူကတော့ ဦးတော ဆိုသူပေါ့။ "ဟဲလို ဦးတော ကျွန်တော်ကတော့ သင်းအုပ်ဆရာ ဦးအောင်သက်ပါ။ ကျွန်တော် ဒီနားကို ဖြတ်သွားရင်း ခင်ဗျာလည်း မအိပ်သေးဘူးဆိုတော့ ခဏ စကားပြောကြရအောင်လား" "အပိုတွေ မပြောပါနဲ့ဗျာ။ ခုလို မနက် ၃း၃၀ မှာ ဘယ်သူမှ ဖြတ်သွား ဖြတ်လာလုပ်ပြီး ဆေးရုံထဲ တကူးတက မဝင်လာပါဘူး။ အခုနကပဲ နပ်(စ်)မ ကို ကျွန်တော့်ရဲ့ နောက်ဆုံး အချိန်အတွက် တစ်ယောက်ယောက်ကို တရားဟော စေချင်တယ်ဆိုလို့ ခင်ဗျား ရောက်လာတာပါဗျာ။" "စိတ်ရှည်ပါဗျာ" လို့ ဆရာက ပြန်ပြောရင်း ဆုတောင်းဘုရားရှိခိုးလိုက်ပါတယ်။ "အာမင်" လုပ်အပြီးမှာ ဦးတော တစ်ခုခု ပြောချင်နေတယ်လို့ ဆရာ ခံစားလိုက်ရတယ်။ တစ်ချိန်တည်းမှာပဲ "ဦးတော နောက်ဆုံး အနေနဲ့ ဝန်ခံစရာ တစ်ခုခုများ ရှိသေးလား" "မရှိဘူး" လို့ ဦးတော ပြတ်ပြတ် သားသားငြင်းဆိုရင်း "ဒါပေမယ့် ကျွန်တော် ဒီလောက က ထွက်မသွားခင် ခင်ဗျားနဲ့ စကားတွေ ပြောချင်သေးတယ်"လို့ပြောပါတယ်။ အဲဒီလိုနဲ့ ဆရာဦးအောင်သက်နဲ့ ဦးတောလည်း ပြင်းထန်တဲ့ လေမုန်တိုင်းအကြောင်း ရောက်တတ် ရာရာတွေပြောနေခဲ့ပါတယ်။ နေရောင်ခြည် မကြာခင် ကျရောက်လာတော့မယ်။ ဆရာဟာ ဦးတောကို "နောက်ဆုံးအနေနဲ့ တစ်ခုခု ဝန်ခံစရာများ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင် အမှတ်စဉ် ၉၆။ ဩဂုတ်လ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်းရှိ မြန်မာခရစ်ယာန်အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

စာရေးဆရာ "ဆိုး၊ မင်းအောင်သက်လွင် နှင့် ကိုမေတ္တာ(သင်းအုပ်ဆရာ)" တို့၏ "ထစ်ချုန်းသော မိုးကြိုးသံ" အမည်ရှိ ဝိညာဉ်ရေးရာဆောင်းပါးများ ပါဝင်သော စာအုပ်အား အောက်ပါ အသင်းတော်များတွင် ဝယ်ယူရရှိနိုင်ပါပြီ။ ((ယုဒသန်နှစ်ခြင်းအသင်းတော် **Judson Baptist church (Thomson church) Hakka Methodist church, Elim church,** စကောကရင်အသင်းတော်))

ရှိသေးလား" လို့ထပ်မေးလိုက်ပါတယ်။ နာရီဝက်လောက် အကြာမှာပဲ ဆရာဟာ လေးငါး ခါလောက် ထပ်မေးနေပါတယ်။ နောက်ဆုံးဦးတောက "ဆရာ ကျွန်တော် ငယ်ရွယ်တုန်းက အမှားတစ်ခု လုပ်ခဲ့တယ်။ အရမ်း ဆိုးရွားတယ်ဗျာ။ ကျွန်တော် ဘယ်သူ့ ကိုမှလည်း မပြောခဲ့ဘူး။ ညတိုင်းလည်း အဲဒီ အိမ်မက်ဆိုးကြီးကို စဉ်းစားမိ တယ်။" "ဦးတော အခုအချိန် ကျွန်တော့်ကို ပြောလိုက်ရင် သက်သာ သွားမယ်လို့ မထင် ဘူးလား" "ကျွန်တော် ပြော မထွက်ဘူး ဆရာ"


ပထမဆုံး နံနက်ခင်းရဲ့ ရောင်နီက လူနာရဲ့ အခန်းထဲကို ဖြေးညှင်းစွာ ကျရောက် လာပါတယ်။ ဦးတောလည်း ကြေကွဲစွာနဲ့ "ကောင်းပြီလေ။ တစ်ယောက် ယောက်က ကျွန်တော့်ကို အမှားအတွက် တစ်ခုခု ပြစ်ဒဏ် လုပ်ချင်တယ်ဆိုလည်း အခု အချိန်မှာ နောက်ကျ နေပြီပဲ။ ကျွန်တော် ဆရာ့ကို ပြောပါတော့မယ်။" ဦးတော ရဲ့ မျက်နှာ အမူအရာဟာ ချက်ချင်းပဲ ထိခိုက်ခံစားရလို့ ပြောင်းလဲသွားပါတယ်။ စကား စမပြောခင်မှာပဲ အသံတွေ တုန်ရီလာပါတယ်။ "အဲဒီညက ဒီညလိုမျိုးပဲ။ မိုးတွေ သည်းသည်းမဲမဲ ရွာနေတယ်။ လေတွေကလည်း ပြင်းသလား မမေးနဲ့။ ကျွန်တော့် အဖွဲ့သားတွေ အားလုံးလည်း အရက် မူးနေကြတယ်။ ကျွန်တော်ကတော့ အားလုံး ထဲမှာ အမူးဆုံးပေ့ါ။ မိုးလေကလည်း ပြင်းတော့ ရထားလမ်း **exchange** လုပ်ဖို့ ဘယ်သူမှ မိုးရေထဲ မထွက်ရဲကြဘူး။ အဲဒါနဲ့ကျွန်တော်လည်း သူရဲကောင်း လုပ်ပြီး မိုးသည်း လေသည်းထဲ ထွက်သွားလိုက်တယ်။" ဦးတောရဲ့ အသံက သိသိ သာသာ တိမ်ဝင် သွားပြီး လေသံ တိုးတိုးနဲ့ ဆက်ပြောနေပါတယ်။ "ကျွန်တော် ထင်ထားတာ ထက်ကို ကျွန်တော်ဟာ အလွန်အကျွံ မူးနေခဲ့တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော် **switch** ကိုမှားပြီး နှိပ်လိုက်တယ်။ အဲဒီအချိန်မှာ ရထားက ကားလမ်း ဘက်ကို စောင်းသွားပြီး ကားတစ်စီးကို တိုက်မိသွားခဲ့တယ်။ ကားထဲမှာ ပါတဲ့ လူငယ်၊ သူ့ အမျိုးသမီးနဲ့ သူ့သမီးလေး(၂)ယောက်လည်း ပွဲချင်းပြီး ကျွန်တော့် ရှေ့မှာ ဆုံးသွားခဲ့တယ်။ အဲဒီအချိန်ကစပြီး ဒီအရုပ်ဆိုးကြီးနဲ့ ကျွန်တော် အသက်ရှင် ခဲ့ရတယ်။" ဦးတောရဲ့ နောက်ဆုံး ဝန်ခံချက်အပြီးမှာ တော်တော် ကြာကြာလေး တိတ်ဆိတ်သွားပါတယ်။

တိတ်ဆိတ်မှုဟာ ကြာရှည်တော့ မဟုတ်ပါဘူး။ ဆရာဟာ ဦးတောရဲ့ ပုခုံး ကို ညင်သာစွာပုတ်လျှက် တည်ငြိမ်စွာ ပြောလိုက်တာကတော့ "ကျွန်တော်က ဦးတော ကို ခွင့်လွှတ်ရင် ဘုရားသခင်ကလည်း ဦးတောကို ခွင့်လွှတ်မှာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီ ကားထဲမှာ ကျွန်တော့်ဖေဖေရယ်၊ မေမေ ရယ်၊ အစ်မ(၂) ယောက်ရယ် ပါခဲ့တယ်လေ"။ ။ ခရိုနီသတို့သမီး


(၁ယော ၁း၉ ကိုယ်အပြစ်တို့ကို ဖော်ပြ တောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက် ရှိသမျှနှင့် ကင်းစင် စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်း တရားနှင့် လည်းကောင်း ပြည့်စုံ တော်မူ၏။)

---

## သက်သေခံချက် Blessing Htay



မိခင်များနေ့ ရောက်တိုင်း ကျွန်မရဲ့ မိခင်အသင်းတော် ဖြစ်တဲ့ ကျောက် မြောင်းတွင် သက်သေခံလေ့ ရှိပါတယ်။ ယခုလည်း ကျွန်မ ပြည်ပတွင် ရှိနေစဉ် သခင့်စကား စာစောင်မှတဆင့် ယုံကြည်သူ ညီအစ်ကိုမောင်နှမများကို သက်သေခံ ဝေမျှချင်ပါတယ်။ ကျွန်မ ချစ်သော မိခင်နှင့်အတူ ကမ္ဘာပေါ်ရှိ မိခင်များအားလုံးကို ဘုရားရှင် ကောင်း ကြီးပေးပါစေ။ (ဖေက် ၆း၁) သားသမီးတို့ မိဘစကားကို နားထောင် ကြလော့။ ဘုရားရှင်က ပြောတဲ့ စကားပါ။ ကျွန်မလဲ မိဘစကားကို နားထောင် ခဲ့တာရှိသလို နားမထောင်တာလဲ ရှိပါတယ်။ တစ်ခါတစ်လေ ကျွန်မ အမေ့ကို ပြောလေ့ ရှိတာက အမိုးက အမိုးသားကို သမီးထက် ပိုချစ်တယ်ပေ့ါ။ ဒါပေမဲ့ အမေက ကျွန်မကို ပြောတာက သမီးကို မောင်နှမ တွေ အားလုံးထက် ကောင်းကြီး ပိုပေးတယ်တဲ့။ ကျွန်မက ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ မောင်နှမ(၄)ယောက်ထဲမှာ (၃)ယောက်က အိမ်ထောင်ကျပြီး ကျွန်မ တစ်ယောက်ထဲ အမိုးကို ကြည့်ရှု ပေးလို့ပဲလေ။ ကျွန်မက အမိုး ဘာလိုချင်သလဲ ကြည့်ပြီး အမိုး စိတ်ချမ်းသာအောင် ထားပါတယ်။ ကျွန်မ အမေ စိတ်ချမ်းသာရင် ကျွန်မလဲ ပျော်တယ်။ ကျွန်မက မိခင် တစ်ယောက် မဟုတ်လို့လဲ ကျွန်မ ညီမက နင်ကိုယ်တိုင် မိခင်ဖြစ်လာမှ သိမယ်တဲ့၊ ဘာမှ နားမလည်ခဲ့ပါဘူး။ ကျွန်မလည်း ဝိညာဉ် မိခင် မဟုတ်ပေမဲ့ **Sunday school** က ဆရာမပဲ။ သားသမီးတွေကို **Sunday** ရောက်တိုင်း နှုတ်ကပတ်တော်သင်၊ ပုံပြင်ပြော၊ သီချင်းဆိုနဲ့ ကလေးများ ကို သင် ကြားပေးပါတယ်။ ကျွန်မ **Sunday school** ကလေးတွေထဲက တစ်ယောက်သော ကလေးဟာ အရမ်းဆိုးတာ တွေ့ရပါတယ်။ ကျွန်မ စာသင်ရင် သူက စကားပြော အရုပ်တွေနဲ့ ကစားပေ့ါ။ အခြားကလေးတွေလဲ အဲဒီ ကလေးဆီပဲ အာရုံတွေ ရောက်လို့ ကျွန်မလည်း စိတ်ညစ်ခဲ့ရပါတယ်။ ကျွန်မလည်း အဲဒီသားကို ခေါ်ပြီး ဆုတောင်းပေး၊ နာခံဘို့ ဆုံးမတော့ အဲဒီ သားလေး ငြိမ်သက်စွာ နားထောင်ပြီးလျှင် ခနကြာတော့ ပြန်ဆော့နဲ့ အဲဒီနေ့မှာ ကျွန်မ စိတ်မော လူမောနဲ့ မပျော်ခဲ့ပါဘူး။ ကျွန်မ အဲဒီသားလေးကို ညတိုင်း လိမ္မာဖို့ ဆုတောင်းပေးခဲ့တယ်။ **Sunday** လဲရောက်တော့ ကျွန်မတို့ အခန်းထဲ အဝင်မှာ ကလေးများကို ကျွန်မ ကို လက်ဆွဲ နှုတ်ဆက်တဲ့ အချိန်မှာ အဲဒီကလေးဟာ မျက်လုံးဖွင့်လို့ မရအောင် ရောင်ရမ်းနေတာ တွေ့ရတယ်။ ကျွန်မ စိတ်မကောင်းပါ။ သားလေး ဆရာမကို စိတ်ညစ်အောင် ဟိုအပါတ်က လုပ်ခဲ့တာ ဆရာမ စိတ်မကောင်းဘူး။ သားလေး လိမ္မာဖို့ ဆရာမ ဆုတောင်း ပေးခဲ့တာ၊ သည်တစ်ပတ်မှာ သားလေးကို အခုလို တွေ့ရတော့ ဆရာမ စိတ် မကောင်းဘူးလို့ အဲဒီသားလေးကို ပြောလိုက်တယ်။ ဖေက် ၆း၁ မှာ မိဘစကားကို နားထောင်ဖို့ မိဘဆရာဆိုတာ အတူတူပဲနော် သားသားလို့ ပြော လိုက်တယ်။ အဲဒီ သားလေးကိုလည်း ကျွန်မကပြောတယ် ဆရာမက သားကို နှုတ် ကပတ်တော် အတိုင်း သွန်သင်တာနော် လိမ္မာဘို့၊ သုတ္တံကျမ်း ၂၂း၆ သူငယ်သွားရာ လမ်းဝမှာ ဆုံးမ သွန်သင်ပေးတာ မိဘဆရာ အတူတူပဲလို့ ပြောတယ်။ ကျွန်မ မိခင်တစ်ယောက် မဟုတ်ပေမဲ့ လိမ္မာတဲ့ကလေးကို ချစ်တတ်သလို ဆိုးတဲ့ ကလေးကိုလဲ ချစ်တတ်ပါတယ်။ အဲဒါနဲ့ ကျွန်မ အမိုးကလည်း ကျွန်မ ငယ်ငယ်က ပြောခဲ့တဲ့စကားအတိုင်း အမိုး သားကို ပိုချစ်လား၊ သမီးကို ပိုချစ်လား၊ ဆိုတဲ့ စကားကို အမိုးက အတူတူပဲလို့ ပြောရင် ကျွန်မက အမိုး သားကို ပိုပါတယ်လို့ ပြောတော့။ ကျွန်မလည်း အခု လိမ္မာတဲ့ ကလေး၊ ဆိုးတဲ့ကလေး အတူတူပဲ ဆိုတာကို ကျွန်မ သိခဲ့ရပါတယ်။ မိခင်ပေါ်မှာ ကလေးဆိုးလေးလို နွဲ့ဆိုးနေတဲ့ ကျွန်မဟာ မိခင်ကို အချစ်ပို ခဲ့တယ်လေ။ မိခင်များနေ့ ရောက်တိုင်း လူရှေ့ ဘုရားရှေ့မှာ ကျွန်မ ပြောမှား ဆိုမှား ရှိရင်လည်း ခွင့်လွှတ်ပေးပါလို့လဲ သက်သေခံခဲ့ပါတယ်။ ကျွန်မ အမေက ကျွန်မကို အချစ်ဆုံး ဆိုတာလည်း တွေ့ရတယ်။ နောက် ကျွန်မ အိမ်ထောင် မကျ သေးလို့လဲ ကျွန်မ အတွက်ပဲ ပူပင်ရတယ်၊ စိတ်မောရတယ်။ အမိုးကလည်း ကျွန်မ အတွက်ဆို အမြဲတမ်း ဘုရားရှင် အသွေးတော်နဲ့ ကွယ်ကာပေးတယ်။ ပေါင်းသင်းတဲ့ သူငယ်ချင်းတွေမှ အစပေ့ါ။ ကျွန်မ ဒီစင်ကာပူနိုင်ငံကို ရောက်လာပြန်တော့လဲ ကျွန်မ အမေက လာခိုင်းလို့ပဲ။ ကျွန်မက အမိုး မနက်(၈) နာရီ ကနေ ည(၇)နာရီခွဲထိ ဘုရား ကျောင်းမှာ ပါဝင်ပြီးလျှင် ညီမနဲ့ အတူပြန်၊ အနားယူပြီး **Sunday** ကုန်ဆုံး ခဲ့ပါတယ်။ ကျွန်မအမိုးက သွားခိုင်းတဲ့ စင်ကာပူကို ကျွန်မ မသွားချင်ဘူးလေ။ ကျွန်မ အမိုးက သွားရင် ကောင်းကြီးခံစားရမယ်တဲ့။ ကျွန်မ အမိုးစကား နားထောင်ခဲ့တဲ့ အတိုင်း သွားခဲ့တာ သူများတွေ အားလုံးနဲ့ မတူဘဲ ကောင်းကြီးခံစားရပါတယ်။ မိဘ စကား နားထောင်တဲ့အတွက်ပေ့ါ။ ကျွန်မရဲ့ **Boss** ကလည်း ကျွန်မကို တရုတ်စာ ချက်ပြုတ်သင်တန်းကျောင်းမှာ ကျောင်းလခ **$2200** ပေးပြီး သင်ပေး ခဲ့တယ်။ နောက် ကောင်းကြီးများကိုလည်း ခံစားရပါတယ်။ မိခင်စကား နားထောင် ခြင်း ကြောင့်ပါ။ ကျွန်မ ဒီနိုင်ငံမှာ (၃)နှစ်တာ ကာလမှာ သက်သေခံမယ်နဲ့ မအား လပ်တဲ့ ကြားမှ ကျွန်မ သက်သေခံခြင်းဖြစ်ပါတယ်။ နောက် ကျွန်မ အသင်းတော် မှာလည်း ကျွန်မ မိခင်များနေ့မှာ အမြဲ ကျွန်မ ကောင်းကြီး ခံစားရတဲ့ အထဲမှ မိခင်များကို လက်ဆောင် ပေးပြီး ဂုဏ်ပြုလေ့ ရှိပါတယ်။ မုဆိုးမ များကိုလည်း ထိုက်ထိုက် တန်တန် လက်ဆောင်ပေးလေ့ရှိပါတယ်။ အသင်းတော် မှာလည်း ကျွန်မရဲ့ မိခင်ကို ဂုဏ်ပြုပေးလေ့ ရှိပါတယ်။ ပြည်ပ ရပ်ခြားမှာရှိတဲ့ ယုံကြည်သူ ညီအစ်ကို မောင်နှမ များလည်း မိခင်ကို ချစ်ကြပါ။ မိခင် စကားကို နားထောင် ရင် အသက်တာ ရှည်ပြီး ကောင်းစားမှာ ဖြစ်ပါတယ်။ မိဘ ကောင်းကြီး ပေးခြင်း ကြောင့် ကျွန်မ ကောင်းကြီး ခံစား ရတဲ့ အတွက် ယုံကြည်သူ များလည်း မိခင် ကို ချစ်ပါ။ စကား နားထောင်ပါ။ အမိုး ကို ကျွန်မ ချစ် သလို ချစ်ကြပါ။ ကျွန်မ ချစ် တဲ့ အမိုးနဲ့ အတူ ကမ္ဘာပေါ် ရှိ မိခင် တိုင်း ကို ဘုရားရှင် ကောင်းကြီး ပေးပါ စေလို့ ...။




---

မည်သူမဆို စာမူများ ရေးသား ပေးပို့ နိုင်ပါသည် (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂနနှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ)

**Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076.** E-mail; thelordword@gmail.com. Phone (65) 81222320

(သခင့်စကား စာစောင်ကို **www.jbcs.org.sg** တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည်)

မင်း အောင် သက် လွင် မှ ခဲ့ ထုတ် ဝေ သည်



သခင့်စကား ဝိညာဉ်ရေးရာစာစောင် အမှတ်စဉ် ၉၆။ ဩဂုတ်လ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်းရှိမြန်မာခရစ်ယာန်အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။